ကြေးမုံ
The Mirror

၁၃၇၀ ပြည့်နှစ်၊ နယုန်လဆန်း ၁၃ ရက်၊ တနင်္လာနေ့ (16-6-2008) (၅၇၁၁)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်	စီးပွားရေး ဦးတည်ချက် (၄)ရပ်	လူမှုရေး ဦးတည်ချက် (၄)ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး * အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး * ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး * ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး * ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး * ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး * နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး * အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး * မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး * တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ

ရန်ကုန်တိုင်းအတွင်း မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆို ကျင်းပသည့် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတော် အခမ်းအနားများသို့ တက်ရောက်အားပေးချီးမြှင့်

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတော် ကျင်းပသည့် ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် ဒဂုံတံတားချဉ်းကပ်လမ်း၌ ခရေပင်ကို စိုက်ပျိုးပေးစဉ်။

(သတင်းစဉ်)

ရန်ကုန် ဇွန် ၁၅

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းအတွင်း မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆိုကျင်းပသည့် မိုးရာသီ သစ်ပင်စိုက်ပျိုး ပွဲတော် အခမ်းအနားများသို့ တက်ရောက်အားပေးချီးမြှင့်ပြီး သစ်ပင်များ စိုက်ပျိုးပေးသည်။

ရှေးဦးစွာ ရန်ကုန်အရှေ့ပိုင်းခရိုင်၌ မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတော် အခမ်းအနားကို ယနေ့ နံနက် ၇ နာရီတွင် ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် အမှတ် (၁၆) ရပ်ကွက် မောင်းမကန် ကမ်းသာလမ်း၌ ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်တိုင်း သစ်တောဦးစီးဌာန တိုင်းဦးစီးမှူး ဦးခင်ဝင်းက ယခုနှစ် မိုးရာသီတွင် ရန်ကုန်တိုင်းအတွင်း သစ်ပင်များ စိုက်ပျိုးသွားမည့် အစီအစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေက တိုင်းနှင့် ခရိုင်အဆင့် ဌာနဆိုင်ရာများနှင့် လူမှုရေး အသင်းအဖွဲ့များမှ တာဝန်ရှိသူများထံ ပျိုးပင်များ ပေးအပ်သည်။

ဆက်လက်၍ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်မာမာဝေတို့က ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များအား ပျိုးပင်များကို ပေးအပ်သည်။

ယင်းနောက် တိုင်းမှူးနှင့် ဇနီးတို့က အခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေက မဟော်ဂနီပင်ကို စိုက်ပျိုးပေးသည်။

ဆက်လက်၍ တိုင်းမှူး၊ ရန်ကုန်မြို့တော်ဝန်နှင့် ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့နာယကတို့က ပျိုးပင်များကို စိုက်ပျိုးပေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့် အဖွဲ့ဝင်များသည် မောင်းမကန် ကမ်းသာလမ်းတစ်လျှောက်၌ ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များက စိန်ပန်း၊ ခရေ၊ စားတမာ၊ မန်ကျည်း၊ ပျဉ်းမ၊ မဟော်ဂနီနှင့်

စာမျက်နှာ ၈ ကော်လံ ၁ သို့ *

မော်လမြိုင်ကျွန်းမြို့နယ် ဆန်စက်များ ပုံမှန်ကြိတ်ခွဲမှုများ ပြုလုပ်

ရန်ကုန် ဇွန် ၁၅

မော်လမြိုင်ကျွန်းမြို့နယ်ရှိ အကြီးစားဆန်စက်အချို့ လေဘေးဒဏ်ခံရပြီးနောက် ပြန်လည်ထူထောင်မှုများ ပြုလုပ်ခဲ့ပြီးဖြစ်ရာ ယခုအခါ ပုံမှန်အတိုင်း ဆန်ကြိတ်ခွဲမှုများ ပြုလုပ်နေပြီဖြစ်ကြောင်း သိရသည်။

မော်လမြိုင်ကျွန်းမြို့နယ်အတွင်း တစ်နေ့လျှင် ၂၅ တန်ကျ အကြီးစား ဆန်စက် ၃၂ လုံးနှင့် ငါးပုံဟာလာ ဆန်စက် ၁၅၀ ခန့်တို့ရှိရာ ယခုအခါ ဆန်စက်အားလုံး ပြန်လည်ကြိတ်ခွဲနေကြပြီဖြစ်သည်။ အဆိုပါ ဆန်စက်များမှ ကြိတ်ခွဲရရှိသော ဆန်များကို မြို့နယ်အတွင်းနှင့် အခြားဒေသများသို့ ဖြန့်ဖြူးရောင်းချနေပြီး ပုံမှန်ကုန်သွယ်ရောင်းဝယ်မှုများ ပြုလုပ်နေကြပြီဖြစ်ကြောင်း မော်လမြိုင်ကျွန်းမြို့ ဆန်စက်ပိုင်ရှင်များအသင်းက ပြောကြားသည်။

(သတင်းစဉ်)

"ဘိုကလေးမြို့နယ်စက်ဆန်း၊ ကြိမ်ချောင်းကြီးကျေးရွာများ ပြန်လည်တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုမြင်ကွင်းမှတ်တမ်း"

မောင်မောင်ထွေး(သတင်းစဉ်)၏

(သတင်းဆောင်းပါး) စာမျက်နှာ-၅

"ပန်းတိုင်ဆီ ချီရာလမ်းကဖြင့်"

လူသစ်(ပီတောက်မြေ)၏

(ဆောင်းပါး) စာမျက်နှာ-၆၊၇

"ကျွန်တော်တို့ပြည်သူအားလုံးက ဒီမိုကရေစီကို လိုလားတောင့်တနေပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေမရှိဘဲနဲ့ ဒီမိုကရေစီကို ဖော်ဆောင်လို့မရနိုင်ပါဘူး။ ဒီတော့ အခုလိုအခြေခံဥပဒေကို ပြည်သူက တစ်ခဲနက်ထောက်ခံအတည်ပြုပေးလိုက်တာဟာ ဒီမိုကရေစီစနစ်ကို မြန်မြန်အကောင်အထည်ဖော်ပေးနိုင်ဖို့ လမ်းဖွင့်ပေးလိုက်တာပဲ ဖြစ်ပါတယ်။ ဒါဟာ ကျွန်တော်တို့ ပြည်သူတွေရဲ့ ဆန္ဒအမှန်ပါ။"

ကြေးမုံ The Mirror

၁၆-၆-၂၀၀၈
(တနင်္လာနေ့)

ကမ်းရိုးတန်းဒေသ၌ ဂေဟာစနစ်ပြန်လည်ထူထောင် ဒီရေတောများ စိုက်ပျိုးထိန်းသိမ်း

သစ်ပင်သစ်တောများသည် အမြစ်မှစုပ်ယူရရှိသော ရေကို အရွက်များမှ ပင်ရည်ပျံခြင်းနည်းဖြင့် လေထုထဲသို့ ရေခိုးရေငွေ့များ ထုတ်ပေးလေ့ရှိသည်။ ပတ်ဝန်းကျင် အပူချိန်များလာလေ အပင်များမှ ရေငွေ့ပျံနှုန်း ပိုများလာလေဖြစ်ရာ သစ်ပင်သစ်တော ထူထပ်ရာ ပတ်ဝန်းကျင်သည် အပူအအေးမျှတသော ရာသီဥတုကို ဖြစ်ပေါ်စေသည်။

အပူပိုင်းသစ်တော၊ တောင်ပေါ်သစ်တော၊ အင်တိုင်းတောနှင့် ဒီရေတောစသည့် သဘာဝအနေအထားတို့သည် သားငှက်တိရစ္ဆာန်များအတွက် အသိုက်အမြုံများကို ဖန်တီးပေးနိုင်သည့်အပြင် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းရေး၊ သစ်တောမပြုန်းတီးရေးနှင့် ဂေဟာစနစ်များ တည်ငြိမ်ရေးတို့ကို များစွာအထောက်အကူ ပြုလျက်ရှိသည်။

တစ်ဖက်မှ တိုးတက်ဖြစ်ထွန်းလာသော မြို့ပြဖွံ့ဖြိုးမှုနှင့်အတူ သစ်တောထွက်ပစ္စည်းများ အလွန်အကျွံ ထုတ်ယူသုံးစွဲခြင်း၊ သဘာဝသစ်တောများကို တောင်ယာခုတ်၍ စိုက်ပျိုးခြင်း၊ ဒီရေတောများ ခုတ်ထွင်ပြီး အခြားလုပ်ငန်းများ လုပ်ကိုင်ခြင်းတို့ကြောင့် ဂေဟာစနစ်များနှင့် ရာသီဥတု ညီညွတ်မျှတမှုတို့ကို ထိခိုက်စေပေသည်။

သစ်တောရေးရာဝန်ကြီးဌာနက ကြိုးဝိုင်းတော၊ ကြိုးပြင်ကာကွယ်တောများနှင့် သဘာဝနယ်မြေများကို ထိန်းသိမ်းစောင့်ရှောက်လျက်ရှိသည်။ ကျွန်းအထူးစိုက်ခင်းများ၊ ရေဝေရေလဲ စိုက်ခင်းများကို တိုးချဲ့စိုက်ပျိုးလျက်ရှိသကဲ့သို့ အပူပိုင်းဒေသ ၁၃ ခရိုင်တွင် ဒေသစိမ်းလန်းစိုပြည်ရေး လုပ်ငန်းများကို လုပ်ကိုင်လျက်ရှိရာ သစ်တောများ ရှင်သန် ဖြစ်ထွန်းနေပြီဖြစ်သည်။

ထို့နည်းတူ မြန်မာနိုင်ငံ ကမ်းရိုးတန်းဒေသ ဂေဟာစနစ် ပြန်လည်ထူထောင်ခြင်းနှင့် ဒီရေတောများ ပြန်လည်စိုက်ပျိုးထိန်းသိမ်းခြင်း လုပ်ငန်းများကို အလေးထား ဆောင်ရွက်ကြရမည်ဖြစ်သည်။ ဒီရေတောများသည် သဘာဝသစ်တောများထက် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ပိုမိုစုပ်ယူနိုင်ပြီး ကြီးထွားမှု မြန်ဆန်သည့်အတွက် ရာသီဥတုပြောင်းလဲမှုနှင့် သဘာဝဘေးအန္တရာယ် ကာကွယ်မှုတွင် အကျိုးသက်ရောက် ထိရောက်မှုရှိကြောင်း သိရသည်။

မြန်မာ့ကမ်းရိုးတန်းဒေသတစ်လျှောက်နှင့် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသတို့တွင် ဂေဟာစနစ်များ ပြန်လည်ထူထောင်ခြင်းနှင့် ဒီရေတောများ စိုက်ပျိုးထိန်းသိမ်းခြင်းတို့သည် အနာဂတ်အတွက် အရေးပါသည့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းဖြစ်ရာ နိုင်ငံတော်အစိုးရနှင့်အတူ ဒေသခံပြည်သူများအားလုံးက သစ်တော သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများတွင် တက်တက်ကြွကြွ ပူးပေါင်းပါဝင် ဆောင်ရွက်သွားကြရမည် ဖြစ်ပါသည်။ ။

ပြည်သူ့သဘောထား

✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဝန်ကြီး ဗိုလ်ချုပ်ငြေးဦးအား FAO မှ ကိုယ်စားလှယ်များ တွေ့ဆုံ

ရန်ကုန် ဇွန် ၁၅

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ငြေးဦးအား မြန်မာနိုင်ငံတွင် ဖြစ်ပေါ်ခဲ့သော လေမုန်တိုင်းဒဏ်သင့်သည့်ဒေသများ၌ FAO က အရေးပေါ်နှင့် ပြန်လည်ထူထောင်ရေးဆောင်ရွက်မည့် အစီအစဉ် မစ်ရှင်အဖွဲ့ခေါင်းဆောင် Mr. Albert Lieberg ၊ FAOမှ အရေးပေါ်ညှိနှိုင်းဆောင်ရွက်မှု အဆင့်မြင့်အရာရှိ Ms. Mona Chaya နှင့် FAO မှ အပြည်ပြည်ဆိုင်ရာ သစ်တောကဏ္ဍ အကြံပေးပုဂ္ဂိုလ် Mr. Ravishankar Thupalli တို့သည် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) ယာယီဌာနေကိုယ်စားလှယ် Mr. Leon Gouws နှင့်အတူ ဇွန် ၁၃ ရက်တွင် ရန်ကုန်မြို့ ရန်ကင်းမြို့နယ်ရှိ ဆည်မြောင်းဦးစီးဌာန ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံကြသည်။

ထိုသို့ တွေ့ဆုံရာတွင် ဝန်ကြီး ဗိုလ်ချုပ်ငြေးဦးက FAO အနေဖြင့် မြန်မာနိုင်ငံ၏ လယ်ယာ၊ သစ်တော၊ သားငါးကဏ္ဍများ၌ နည်းပညာဆိုင်ရာ ကူညီမှုများ စဉ်ဆက်မပြတ် ပေးလျက်ရှိသကဲ့သို့ ယခုကဲ့သို့ လေဘေးဒဏ် ဖြစ်ပေါ်ခဲ့ရာတွင်လည်း အရေးပေါ်ကူညီမှုများ ဆောင်ရွက်ပေးနေသဖြင့် ကျေးဇူးတင်ရှိပါကြောင်းနှင့် လေဘေးဒဏ်ခံရသော စိုက်ပျိုးမြေများ ပြန်လည်စိုက်ပျိုးရေးနှင့် စားနပ်ရိက္ခာဖူလုံရေးအတွက် ဖြည့်ဆည်းဆောင်ရွက်ပေးရန် လိုအပ်ချက်များကို ရှင်းလင်းပြောကြားပြီး FAO မှ ကိုယ်စားလှယ်များကလည်း လေဘေးသင့် ဒေသများတွင် ကူညီဆောင်ရွက်သွားမည့် အရေးပေါ်နှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆွေးနွေးကြကြောင်း သိရှိရသည်။ (သတင်းစဉ်)

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ငြေးဦးအား မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) ယာယီဌာနေကိုယ်စားလှယ် Mr. Leon Gouws နှင့်မြန်မာနိုင်ငံတွင် ဖြစ်ပေါ်ခဲ့သော လေမုန်တိုင်းဒဏ်သင့်သည့်ဒေသများ၌ FAO က အရေးပေါ်နှင့် ပြန်လည်ထူထောင်ရေး ဆောင်ရွက်မည့် အစီအစဉ် မစ်ရှင်အဖွဲ့ခေါင်းဆောင် Mr. Albert Lieberg၊ FAOမှ အရေးပေါ်ညှိနှိုင်းဆောင်ရွက်မှု အဆင့်မြင့်အရာရှိ Ms. Mona Chaya နှင့် FAO မှ အပြည်ပြည်ဆိုင်ရာ သစ်တောကဏ္ဍ အကြံပေး ပုဂ္ဂိုလ် Mr. Ravishankar Thupalli တို့ လာရောက်တွေ့ဆုံစဉ်။
(လယ်/ဆည်)

မြန်မာကိုယ်စားလှယ်အဖွဲ့ ကိုရီးယားသမ္မတနိုင်ငံ ထွက်ခွာ

ရန်ကုန် ဇွန် ၁၅

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ကိုရီးယားသမ္မတနိုင်ငံ ဂျေဂျူးမြို့၌ ကျင်းပမည့် အာရှ-ဥရောပနိုင်ငံများ၏ ဘဏ္ဍာရေးဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်ရန် ဇွန် ၁၃ရက်တွင် လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

အဆိုပါ မြန်မာကိုယ်စားလှယ်အဖွဲ့တွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်ဝင်းနှင့် ညွှန်ကြားရေးမှူး ဒေါ်ဥမ္မာစိန်တို့လည်း လိုက်ပါသွားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

လေဘေးသင့်ပြည်သူများအတွက် အလှူငွေများ ဆက်လက်လှူဒါန်း

ရန်ကုန် ဇွန် ၁၅

လေဘေးသင့်ပြည်သူများအတွက် ပြည်တွင်း၊ ပြည်ပမှ စေတနာရှင်၊ အလှူရှင်များက အလှူငွေများ ဆက်လက် လှူဒါန်းလျက်ရှိရာ ဇွန်၁၄ရက်တွင် ရန်ကုန်တိုင်း ရန်ကင်းမြို့နယ်ရှိ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန မြန်မာနိုင်ငံတော်ဗဟိုဘဏ် (ရန်ကုန်ရုံးခွဲ)ရှိ လေဘေးသင့်ပြည်သူများအတွက်အလှူငွေလက်ခံရာဌာန၌ အလှူရှင်များက လှူဒါန်းကြသော အလှူငွေများကို ဘဏ္ဍာငွေလက်ခံရေးနှင့်ထုတ်ပေးရေး ဆပ်ကော်မတီဥက္ကဋ္ဌ၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေက လက်ခံယူသည်။

လှူဒါန်းကြသော အလှူရှင်များမှာ ဦးစံတင်နှင့် ဒေါ်ရင်မေ မိသားစု တောင်ဥက္ကလာပမြို့နယ်က ငွေကျပ် သုံးသောင်း၊ ဦးသိန်းထွန်း ခရိုင်မန်နေဂျာ မြန်မာ့စီးပွားရေးဘဏ်ခွဲ(၂) မန္တလေး မန်နေဂျာနှင့်ဝန်ထမ်းများက ငွေကျပ် ၁၁၀၀၀၀၊ ဦးတင်ထွတ်နိုင် တရားရုံးချုပ် တရားသူကြီး(ငြိမ်း)နှင့် ဒေါ်စောသီရိသီဂီ၊ သား မောင်သူရိန် စောထွတ်နိုင် မိသားစု သုဝဏ္ဏက ငွေကျပ်တစ်သိန်း၊ ဒုတိယဗိုလ်မှူးကြီး ချစ်ဆွေ(ငြိမ်း)နှင့် ဒေါ်ချိုချိုညွန့် မိသားစု တက္ကသိုလ်ရိပ်မွန်အိမ်ရာက ငွေကျပ် ၁၀ သိန်း၊ ဦးထွန်းဝင်းနှင့် ဒေါ်သက်သက်သိန်း မိသားစု ကမာရွတ်မြို့နယ်က ငွေကျပ် ငါးသောင်း၊ Hyo Sang Singapore Pte Ltd, Singapore က အမေရိကန်ဒေါ်လာ ၁၀၀၀၀ တို့ဖြစ်သည်။ ဇွန် ၁၄ ရက်တွင် လက်ခံရရှိသည့် အလှူငွေ စုစုပေါင်းမှာ ငွေကျပ် ၁၂၉၀၀၀၀ နှင့် အမေရိကန်ဒေါ်လာ ၁၀၀၀၀ တို့ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဘဏ္ဍာငွေလက်ခံရေးနှင့် ထုတ်ပေးရေး ဆပ်ကော်မတီဥက္ကဋ္ဌ၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေထံ မုန်တိုင်းဒဏ်ခံရသော ဒေသများအတွက် ဒုတိယ ဗိုလ်မှူးကြီး ချစ်ဆွေ(ငြိမ်း)နှင့် ဒေါ်ချိုချိုညွန့် မိသားစု တက္ကသိုလ်ရိပ်မွန်အိမ်ရာက ငွေကျပ် ၁၀ သိန်း ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ဦးငြေးအောင်- ဒေါ်စီမာ၊ သား မောင်ဝေယံအောင်(မဟာသိဒ္ဓိကြယ်ကုမ္ပဏီလီမိတက်)က ရန်ကုန်ပြည်သူ့ဆေးရုံကြီး အရိုးနှင့်ထိခိုက်ဒဏ်ရာဌာနအတွက် ငွေကျပ် သိန်း ၂၀ တန်ဖိုးရှိ အရိုးခွဲစိတ်ကိရိယာများ လှူဒါန်းပွဲကို ဇွန်၆ ရက်က ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကျင်းပရာ ဆေးရုံအုပ်ကြီး ပါမောက္ခနှင့် ဆရာ၊ ဆရာမများ လက်ခံစဉ်။ (သတင်းစဉ်)

နိကာယ်စာမေးပွဲ ကျင်းပမည်

ရန်ကုန် ဇွန် ၁၅

သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက နှစ်စဉ်ကျင်းပမြဲဖြစ်သော နိကာယ်စာမေးပွဲကို ၁၃၇၀ ပြည့်နှစ် ဝါဆိုလဆန်း ၇ ရက် ဇူလိုင် ၉ရက်(ဗုဒ္ဓဟူးနေ့)မှ ဝါဆိုလဆန်း ၁၁ ရက် ဇူလိုင် ၁၃ ရက် (တနင်္ဂနွေနေ့) အထိ ငါးရက်တိုင်တိုင် သတ်မှတ်ထားသည့် စာဖြေဌာနများ၌ တစ်ပြိုင်နက်တည်း ကျင်းပမည်ဖြစ်ရာ စာမေးပွဲကျင်းပရက် ငါးရက်အတွင်း သတ်မှတ်ထားသော အုပ်စုအသီးသီးတွင် ပါဝင်သော ပြဋ္ဌာန်းချက် ကျမ်းစဉ်များအလိုက် နေ့စဉ်မွန်းလွဲ ၁ နာရီမှ ညနေ ၅ နာရီအထိ ဖြေဆိုခွင့်ပြုမည်ဖြစ်သည်။

စာမေးပွဲအချိန်စာရင်းများကို သက်ဆိုင်ရာ ပြည်နယ်၊ တိုင်းသံဃနာယကအဖွဲ့များသို့ ဆက်လက်ပေးပို့မည်ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနက သတင်းရရှိသည်။ (သတင်းစဉ်)

ကရင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် တက်မည့်သင်တန်းသားများအား တွေ့ဆုံမှာကြား

ဘားအံ ဇွန် ၄

ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဇော်မင်းသည် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးတက္ကသိုလ် သင်တန်းအမှတ်စဉ်(၄၃)သို့ တက်ရောက်မည့် ကရင်ပြည်နယ်အတွင်းရှိ မြို့နယ်အသီးသီးမှ သင်တန်းသား၊ သင်တန်းသူများအား ဇွန် ၄ ရက် နံနက် ၈ နာရီက ကရင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစည်းအဝေးခန်းမ၌ တွေ့ဆုံမှာကြားသည်။

ထောက်ပံ့ငွေပေးအပ်

ထို့နောက် ပြည်နယ်ဥက္ကဋ္ဌက သင်တန်းသား၊ သင်တန်းသူများအား လက်ဆောင်ပစ္စည်းများကိုပေးအပ်ပြီး ထောက်ပံ့ငွေကျပ် ၅၀၅၀၀၀ကိုပေးအပ်သည်။ **(ယာပုံ)** သင်တန်းသား၊ သင်တန်းသူများကိုယ်စား သင်တန်းသူ မနန်းနွဲ့ရတနာဝင်းက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

(ပြည်နယ်ပြန်/ဆက်)

ခရမ်းမြို့ မုန်တိုင်းဒဏ်သင့်ကြက်ခြေနီတပ်ဖွဲ့ဝင်များအား မြန်မာနိုင်ငံကြက်ခြေနီအသင်းက ထောက်ပံ့ပစ္စည်းများပေးအပ်

ရန်ကုန် ဇွန် ၁၅

ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့ရှိ မုန်တိုင်းဒဏ်ခံရသည့် လေဘေးသင့်စေတနာ့ဝန်ထမ်း ကြက်ခြေနီတပ်ဖွဲ့ဝင် ၂၀တို့၏ အိမ်ထောင်စုများသို့ မြန်မာနိုင်ငံကြက်ခြေနီအသင်းက ထောက်ပံ့သည့်ပစ္စည်းများ လက်ဝယ်အရောက်ပေးအပ်ပွဲကို ဇွန် ၁၄ ရက် မွန်းလွဲပိုင်းက ခရမ်းမြို့နယ် ပြည်သူ့ဆေးရုံ မွန်မြတ်မေတ္တာအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ပေးအပ်

အခမ်းအနားတွင် မြို့နယ်ကြက်ခြေနီအသင်း ဥက္ကဋ္ဌ ဒေါက်တာမြင့်စိုးနှင့် ရန်ကုန်တောင်ပိုင်းခရိုင်ကြက်ခြေနီတပ်ဖွဲ့ ဦးစီးမှူး(ဒုတိယတန်း) ဦးကျော်မြင့်အောင်တို့က လေဘေးသင့် စေတနာ့ဝန်ထမ်း ကြက်ခြေနီတပ်ဖွဲ့ဝင် ၂၀ တို့၏ မိသားစုများသို့ ထောက်ပံ့ပစ္စည်းများ လက်ဝယ်အရောက် ပေးအပ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ထောက်ပံ့ပေးအပ်

ခရမ်းမြို့ရှိ မုန်တိုင်းဒဏ်သင့်စေတနာ့ဝန်ထမ်း ကြက်ခြေနီတပ်ဖွဲ့ဝင် အိမ်ထောင်စုများသို့ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းမှ ထောက်ပံ့သည့် ပစ္စည်းများကို မြို့နယ် ကြက်ခြေနီအသင်း ဥက္ကဋ္ဌ ဒေါက်တာမြင့်စိုး လက်ဝယ်အရောက်ပေးအပ်စဉ်။

(သတင်းစဉ်)

ဥတုရာသီတောကိုမှီ၍

မုန်တိုင်းဒဏ်ခံရသော ပြည်သူများအတွက် အမျိုးသားရေးစိတ်ဓာတ်ဖြင့် စေတနာထား ကူညီလှူဒါန်းလိုသူများ ဆက်သွယ်လှူဒါန်းနိုင်

နေပြည်တော် ဇွန် ၁၅

ဆိုင်ကလုန်းမုန်တိုင်းနာဂစ်ဒဏ်ကြောင့် ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းအတွင်း ထိခိုက်ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ရပြီး မုန်တိုင်းဒဏ်ခံရသော ပြည်သူများအတွက် စာနာထောက်ထား၍ အမျိုးသားရေးစိတ်ဓာတ်ဖြင့် စေတနာထားကာ ကူညီလှူဒါန်းလိုသူများအနေဖြင့် အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီ ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးဆပ်ကော်မတီ၏ အလှူငွေနှင့်ပစ္စည်းများ လက်ခံရေးဌာနသို့လည်းကောင်း၊ သက်ဆိုင်ရာပြည်နယ်နှင့်တိုင်းအသီးသီးရှိ ခရိုင်နှင့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးများသို့လည်းကောင်း ဆက်သွယ်လှူဒါန်းနိုင်ကြသည်။

အလှူငွေများကို ရန်ကုန်မြို့ ရန်ကင်းမြို့နယ် စက်မှုလမ်း အမှတ်(၁၆/က)ရှိ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေ ဖုန်း-၀၉-၈၆၀၀၁၀၉ နှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်ဝင်း ဖုန်း-၀၉-၈၆၀၀၁၀၂၊ ညွှန်ကြားရေးမှူး ဦးမောင်မောင် ဖုန်း-၀၁-၅၄၃၇၅၇၊ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ဝင်းတင် ဖုန်း-၀၁-၅၄၃၇၆၅ တို့သို့ ဆက်သွယ်၍ တိုက်ရိုက်သော်လည်းကောင်း၊ လူကိုယ်တိုင်လာရောက်၍သော်လည်းကောင်း လှူဒါန်းနိုင်သည်။

ပစ္စည်းများကို ဦးသန်းဦး (ညွှန်ကြားရေးမှူးချုပ်၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန)ကုန်သွယ်ရေးဂိုဒေါင် အမှတ်(၃)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ကျိုက်ဝိုင်းဘုရားအနီး၊ ဖုန်း-၀၉-၈၆၀၀၀၂၅၊ ၀၉-၈၆၀၀၅၂၆၊ ၀၉-၈၆၀၀၇၀၁ နှင့် ဦးအောင်ထွန်းခိုင် (ခေတ္တညွှန်ကြားရေးမှူးချုပ်၊ လူမှုဝန်ထမ်းဦးစီးဌာန) ဖုန်း-၀၉-၈၆၀၀၇၀၂၊ မီးသတ်ဦးစီးဌာန(ရုံးချုပ်)၊ မရမ်းကုန်းမြို့နယ်၊ စွယ်တော်မြတ်စေတီအနီး၊ ရန်ကုန်မြို့သို့ ဆက်သွယ်၍ လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မော်လမြိုင်ကျွန်းမြို့နယ်အတွင်း စာသင်ကျောင်းများ UNICEF က သွပ်၊ သွပ်သံများ လှူဒါန်း

ရန်ကုန် ဇွန် ၁၅

မော်လမြိုင်ကျွန်းမြို့နယ်ရှိ စာသင်ကျောင်းများအတွက် UNICEF က သွပ်၊ သွပ်သံများလှူဒါန်းလျက်ရှိရာ ပထမအကြိမ်သွပ်ချပ်ရေ ၂၆၀၀ နှင့်သွပ်သံများ၊ ဒုတိယအကြိမ် သွပ်ချပ်ရေ ၁၆၅၀ နှင့် သွပ်သံများကို လှူဒါန်းခဲ့ကြောင်းသိရသည်။

အဆိုပါ သွပ်နှင့် သွပ်သံများကို ဇွန် ၁၆ ရက်မှစတင်၍ မြို့နယ်အတွင်း ကျေးရွာစာသင်ကျောင်းများသို့ စတင်ဖြန့်ဝေသွားမည်ဖြစ်ကြောင်း သိရှိရသည်။

နိုင်ငံတော်က ထောက်ပံ့ဖြည့်ဆည်းပေးသည့် သွပ်ချပ်ရေ ၃၀၀၀ နှင့် သွပ်သံများကို မော်လမြိုင်ကျွန်းမြို့နှင့် ကျေးရွာစာသင်ကျောင်းများသို့ ဖြန့်ဝေပေးထားခဲ့ပြီးဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

မော်လမြိုင်ကျွန်းမြို့နယ်အတွင်းရှိ စာသင်ကျောင်းများ ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များ ဆက်လက်ဖြန့်ဝေ

ရန်ကုန် ဇွန် ၁၅

မော်လမြိုင်ကျွန်းမြို့နယ်ရှိ ကျေးရွာစာသင်ကျောင်းများအတွက် ပညာရေးဝန်ကြီးဌာနက တတိယအကြိမ် ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များကို ဇွန် ၁၅ ရက်မှ စတင်ဖြန့်ဝေပေးလျက်ရှိသည်။

ကျောင်းသုံးစာအုပ်များ ဖြန့်ဝေမှုမှာ မြို့ပေါ်နှင့် ကျေးရွာစာသင်ကျောင်းများအတွက် ဇွန် ၆ ရက်မှ စတင်ဖြန့်ဝေပေးခဲ့ပြီး ယခုတတိယအကြိမ် ကျောင်းသုံးစာအုပ်ဖြန့်ဝေမှုကို ဇွန် ၁၅ ရက် နံနက်ပိုင်းမှ စတင်ကာ မော်လမြိုင်ကျွန်းမြို့နယ် ပညာရေးမှူးရုံး၌ သက်ဆိုင်ရာကျေးရွာ စာသင်ကျောင်းများသို့ ဖြန့်ဝေပေးလျက်ရှိသည်။

ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာနက မော်လမြိုင်ကျွန်းမြို့နယ်ရှိ အခြေခံပညာမူလတန်းကျောင်းများအတွက် အုပ်ရေပေါင်း ၇၀၇၇၀၊ အခြေခံပညာအလယ်တန်းကျောင်းများအတွက် အုပ်ရေပေါင်း ၁၁၀၂၀ နှင့် အခြေခံပညာအထက်တန်းကျောင်းများအတွက် ပြဋ္ဌာန်းစာအုပ်ပေါင်း ၉၃၂၅ တို့ကို ဖြန့်ဝေပေးခဲ့ပြီးဖြစ်ရာ ဆက်လက်ဖြန့်ဝေသွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၆-၆-၂၀၀၈ (တနင်္လာနေ့)

AM & PM	
၇း၀၀ - ၁း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅ - ၁း၀၅	"မိုးကုတ်မူကမ္မဋ္ဌာန်းပေးရပုံ" တရားတော် (ဆရာတော် အရှင်ဉာဏောဘာသ)
၈း၀၀ - ၂း၀၀	ခုံထည်လုပအစဉ်ကြေးဖောင်းကြွအသွင်
၈း၃၀ - ၂း၃၀	ဓမ္မဒူတသိမ်တော်ကြီးသိမ်သမုတ်၊သိမ်ရေစက်ချနှင့် သိက္ခာထပ်အလှူတော်မင်္ဂလာအခမ်းအနား
၈း၄၅ - ၂း၄၅	ACTIVITIES IN THE CITY
၉း၀၀- ၃း၀၀	ပြည်တွင်းသတင်းအကျဉ်း
၉း၁၀ - ၃း၁၀	MRTV-4 စာအုပ်စင်ကဏ္ဍ (စာရေးဆရာဒေါက်တာချစ်နှင့်တွေ့ဆုံခြင်း)
၉း၃၅ - ၃း၃၅	တေးဂီတအစီအစဉ်
၉း၄၀ - ၃း၄၀	လုံလုံလုံ(ရုပ်ရှင်သရုပ်ဆောင်များ)
၉း၄၅ - ၃း၄၅	နိုင်ငံတကာသတင်းအကျဉ်း
၉း၅၀ - ၃း၅၀	တေးဂီတအစီအစဉ်
၉း၅၅ - ၃း၅၅	Hotel Guide(The Grand MeeYahta)
၁၀း၂၀ - ၄း၂၀	မိုးလေဝသခန့်မှန်းချက်
၁၀း၂၅ - ၄း၂၅	စွဲမက်ဖွယ်ရာရွှေတောင်ဒေသထွက်အစားအစာ
၁၀း၃၅ - ၄း၃၅	MRTV-4 ကျန်းမာရေးကဏ္ဍ (ဒေါက်တာအောင်မြတ်သွင်-မေ့ဆေးပါမောက္ခ)နှင့် တွေ့ဆုံခြင်း(ပထမပိုင်း)
၁၁း၀၅ - ၅း၀၅	ပြည်တွင်းသတင်းအကျဉ်း
၁၁း၁၅ - ၅း၁၅	ရော်ဘာအစေးလှီးရာတွင်အရေးကြီးသည့်အချက်များ
၁၁း၂၅ - ၅း၂၅	တေးဂီတအစီအစဉ်
၁၁း၃၀ - ၅း၃၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၃၅ - ၅း၃၅	The Smiling Of Angkor
၁၂း၂၀ - ၆း၂၀	တေးဂီတအစီအစဉ်
၁၂း၂၅ - ၆း၂၅	လွယ်ကူသက်သာမြန်မာ့ဟင်းလျာ(ခရမ်းသီးနှပ်)
၁၂း၄၀ - ၆း၄၀	ဆေးမင်ကြောင်နှင့်လေဆာ(ဒေါက်တာ စိုးဝင်းဦး)
၁၂း၅၅ - ၆း၅၅	တေးဂီတအစီအစဉ်
၁း၀၀ - ၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ် လပွတ္တာမြို့နယ် ဇင်ရဲကြီးကျေးရွာ၌ ထောက်ပံ့ပစ္စည်းများ ဖြန့်ဝေ

ရန်ကုန် ဇွန် ၁၅

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီဝင် သမဝါယမ ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်သည် ဇွန် ၁၁ ရက် နံနက်ပိုင်းတွင် လပွတ္တာမြို့နယ် ဇင်ရဲကြီးကျေးရွာသို့ သွားရောက်၍ လေဘေးသင့်ပြည်သူများအား ဆန်၊ ရေသန့်ဘူးနှင့် ခေါက်ဆွဲခြောက်များ၊ အဝတ်အထည်များကို ဖြန့်ဝေပေးသည်။

ဝန်ကြီးသည် လပွတ္တာမှ ဇင်ရဲကြီးကျေးရွာသို့ ရေယာဉ်ဖြင့် ထွက်ခွာရာတွင် ရွှေမြစ်ကြောင်းတစ်လျှောက်၌လည်း လေဘေးသင့်ပြည်သူများအား ထောက်ပံ့ပစ္စည်းများကို ဖြန့်ဝေပေးခဲ့ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

အမျိုးသား သဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဝင် သမဝါယမ ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ် လပွတ္တာမြို့နယ် ဇင်ရဲကြီးကျေးရွာတွင် လေဘေးသင့်ပြည်သူများအား ထောက်ပံ့ပစ္စည်းများ လက်ဝယ်အရောက်ဖြန့်ဝေပေးမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

မေတ္တာမွန်သွေးလှူရှင်အဖွဲ့ (၄၉)ကြိမ်မြောက် သွေးလှူဒါန်း

ရန်ကုန် ဇွန် ၁၅

အမှတ် (၁) တပ်မတော်ဆေးရုံကြီး ခုတင်(၁၀၀၀) မင်္ဂလာဒုံ၌ ဆေးကုသမှု ခံယူနေကြသော တပ်မတော်သားလူနာများအတွက် ရှိုင်းဟုပ်ကုမ္ပဏီ၏ မေတ္တာမွန်သွေးလှူရှင်အဖွဲ့မှ အဖွဲ့ဝင် ၅၀ တို့သည် ဇွန် ၁၄ ရက် နံနက် ၉ နာရီတွင် အဆိုပါ ဆေးရုံကြီး၌ (၄၉)ကြိမ်မြောက် ဇီဝိတဒါန စုပေါင်း သွေးလှူဒါန်းကြပြီး အလှူငွေများကို ပေးအပ်သည်။ (သတင်းစဉ်)

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် မအူပင်မြို့ ခုတင် (၂၀၀)ဆံ့ဆေးရုံကြီး အရိုးအကြောနှင့် ထိခိုက်ဒဏ်ရာ ကုသဆောင်ရှိ လေဘေးဒဏ်ကြောင့် ကိုယ်အင်္ဂါထိခိုက်ပျက်စီးခဲ့ရသည့် လူနာများအား ကြည့်ရှုအားပေးစဉ်။ (ကျန်းမာရေး)

ဝန်ကြီး ဒေါက်တာကျော်မြင့် ဆေးရုံများ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇွန် ၁၅

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်သည် ဇွန် ၁၄ ရက် နံနက် ၈ နာရီတွင် ဧရာဝတီတိုင်း ညောင်တုန်းမြို့နယ် ဆားမလောက်ကျေးရွာရှိ တောင်သူလယ်သမား ဆေးရုံနှင့် မအူပင်မြို့ ခုတင် (၂၀၀)ဆံ့ ဆေးရုံများသို့ သွားရောက်၍ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီးနှင့်အဖွဲ့သည် တောင်သူလယ်သမားဆေးရုံ ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်သာယာရေး ဆောင်ရွက်ထားရှိမှုနှင့် လူနာကုသဆောင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် မအူပင်မြို့ ခုတင်(၂၀၀)ဆံ့ ဆေးရုံကြီးသို့ သွားရောက်၍ သားဖွားနှင့်မီးယပ်ကုသဆောင်နှင့် အရိုးအကြောနှင့် ထိခိုက်ဒဏ်ရာကုသဆောင်ရှိ လေဘေးသင့်ဒဏ်ကြောင့် ကိုယ်အင်္ဂါ ထိခိုက်ပျက်စီးခဲ့ရသည့် ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်ပေးနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ ဆေးရုံအုပ်ကြီး ဒေါက်တာခင်မောင်ဌေးနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသသည်။ ဝန်ကြီးက လိုအပ်ချက်များကို တာဝန်ရှိသူများအား ဖြည့်ဆည်းမှာကြားသည်။

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့သည် ဆေးရုံကြီးအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေး၍ လိုအပ်ချက်များကို တာဝန်ရှိသူများအား ဖြည့်ဆည်းမှာကြားသည်။

ဆက်လက်၍ ဝန်ကြီး ဒေါက်တာကျော်မြင့်သည် အစည်းအဝေးခန်းမ၌ ဆေးရုံအုပ်ကြီးနှင့် အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်များ၊ သူနာပြုအုပ်များ၊ သူနာပြုများနှင့် တွေ့ဆုံ၍ တင်ပြချက်များအပေါ် ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

လေဘေးဒဏ်ခံရသည့်ကျေးရွာများသို့ ဆန်နှင့်ပစ္စည်းများ ဖြန့်ဝေ

ရန်ကုန် ဇွန် ၁၅

မော်လမြိုင်ကျွန်းမြို့နယ် အတွင်း လေဘေးဒဏ်ခံရသော ကျေးရွာများအား မော်လမြိုင်ကျွန်းမြို့နယ် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းကော်မတီ၏ အစီအစဉ်ဖြင့် ဆန်၊ ခေါက်ဆွဲ၊ ရေသန့်နှင့် စားသောက်ကုန်များကို မင်းသန်းတိုး ရေယာဉ်ဖြင့် ဇွန် ၁၄ ရက်တွင် လိုက်လံဖြန့်ဝေပေးသည်။

အဆိုပါ ရေယာဉ်ဖြင့် ထောက်ပံ့ရေးပစ္စည်းများ ဖြန့်ဝေပေးမည့် ကျေးရွာများမှာ ဘိုးသာအေး၊ ထီယာလိ၊ ကျွဲခြံချောင်းဖျား၊ ကျွဲခြံဝ၊ ကဇန်းချောင်းနှင့် မရမ်း စသောကျေးရွာများဖြစ်ပြီး ဆန်အိတ်ပေါင်း ၂၃၀၀ ကျော်နှင့် အခြား စားသောက်ကုန်ပစ္စည်းများ ဖြန့်ဝေပေးမည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

လေဘေးသင့်ကျေးရွာများရှိ တောင်သူလယ်သမားများအား မျိုးစပါး၊ လက်တွန်း လယ်ထွန်စက်နှင့် တိရစ္ဆာန် အစားအစာများ ဖြန့်ဝေ

ရန်ကုန် ဇွန် ၁၅

မော်လမြိုင်ကျွန်းမြို့နယ် အတွင်း လေဘေးဒဏ်ခံရသည့် ကျေးရွာများရှိ တောင်သူလယ်သမားများအားမြို့နယ် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းကော်မတီက လယ်လုပ်ငန်းများတွင် အသုံးပြုရန် ပြန်လည် ထူထောင်ရေးပစ္စည်းများ ဖြစ်သည့် မျိုးစပါး၊ လက်တွန်း လယ်ထွန်စက်နှင့် ကျွဲ၊ နွားအစားအစာများကို ဇွန် ၁၄ ရက်တွင် ဝင်းစိန်နှင့် စိန်ဝင်းကြည် သင်္ဘောများဖြင့် လိုက်လံဖြန့်ဝေပေးသည်။

ဖြန့်ဝေပေး

ထိုသို့ ဖြန့်ဝေပေးသည့် ကျေးရွာများမှာ မြို့နယ်အတွင်းရှိ လေဘေးဒဏ် ဆိုးရွားစွာခံရသည့် ကျေးရွာအုပ်စု ၁၆ အုပ်စုတို့ဖြစ်ပြီး မျိုးစပါးတင်း ၃၀၀၀၀၊ လက်တွန်းလယ်ထွန်စက် ၂၂ စီးနှင့် ကျွဲ၊ နွားအစားအစာများ ဖြန့်ဝေပေးခဲ့သည်။

လုံလုံလောက်လောက်ရရှိ

မော်လမြိုင်ကျွန်းမြို့နယ်အတွင်းရှိ တောင်သူလယ်သမားများအား ဇွန် ၁၄ ရက်အထိ ဖြန့်ဝေပြီး မျိုးစပါးတင်းပေါင်းမှာ ၄၀၀၀၀ ကျော်သွားပြီဖြစ်ရာ တောင်သူလယ်သမားများ၏ လိုအပ်ချက်နှင့်အညီ မျိုးစပါးများကို လုံလုံလောက်လောက် ရရှိအောင် ဆက်လက်ဖြန့်ဝေ ပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ဘိုကလေးမြို့နယ် ကမာကလူကျေးရွာ၌ အနုပညာရှင်များ ဖျော်ဖြေပြီး ပစ္စည်းများ လှူဒါန်း

ရန်ကုန် ဇွန် ၁၅

ဧရာဝတီတိုင်း ဘိုကလေးမြို့နယ် ကမာကလူကျေးရွာ၌ လေဘေးသင့်ပြည်သူများအား အနုပညာစွမ်းအားဖြင့် စိတ်ခွန်အားဖြည့်တင်းပေးရန် ရည်ရွယ်၍ အနုပညာရှင်များ၊ တေးသံရှင်များက တေးသီချင်းများဖြင့် ဖျော်ဖြေခဲ့ကြကြောင်း၊ သျှားညို၊ သားညီ၊ ဖွဲ့နိုင်ဝင်း၊ ဟဲလေး၊ အနဂ္ဂ၊ ပြေဇင်၊ ယုန်လေး၊ ဒီယံ၊ လင်းရာ၊ တက္ကသိုလ်ဂွမ်းပုံ၊ စုလှိုင်နှင်း၊ ဆုပန်ထွာ၊ ပုလဲဝင်း၊ မိုးပြည့်ပြည့်မောင်၊ ပွင့်၊ သံသာဝင်း၊ မီးမီးခဲ၊ ဇမ်နူး၊ ကာကာ၊ Blueberry၊ ဂူးဂူး၊ သူသူ၊ အားမူ၊ စောသက်သက်နိုင် စသည့်အနုပညာရှင် ၂၅ ဦးတို့က သီချင်းများ သီဆိုခဲ့ကြပြီး မျက်လှည့်ပညာရှင် မစ္စတာတော့ပ်ကလည်း မျက်လှည့်ပြသခဲ့ကြောင်း၊ အနုပညာဖျော်ဖြေမှုအပြီးတွင် The ActionTime Foundation နှင့် အနုပညာရှင်များက ကျေးရွာဘုန်းတော်ကြီးကျောင်း ဆရာတော် ဦးပညာသီရိထံမှ တရားနာယူကာ လေဘေးသင့် ပြည်သူများအတွက် ဆန်၊ ကြာဆံ၊ ဒန်အိုး၊ ခေါက်ဆွဲခြောက်၊ အဝတ်အထည်များကို လှူဒါန်းခဲ့ပြီး အဆိုတော် ကာကာက ရွာဦးကျောင်း သိမ်ဇရပ် ပြန်လည်ပြုပြင်ရန်အတွက် အလှူငွေကျပ် နှစ်သိန်းကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ဧရာဝတီတိုင်း ဘိုကလေးမြို့နယ် ကမာကလူကျေးရွာ၌လေဘေးသင့် ပြည်သူများအား အနုပညာစွမ်းအားဖြင့် စိတ်ခွန်အားဖြည့်တင်းပေးရန် ရည်ရွယ်၍ အနုပညာရှင်များ၊ တေးသံရှင်များက ဖျော်ဖြေတင်ဆက်ကြစဉ်။ (ကျန်းမာရေး)

ဘိုကလေးမြို့နယ် စက်ဆန်း၊ ကြိမ်ချောင်းကြီးကျေးရွာများ ပြန်လည်တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှု မြင်ကွင်းမှတ်တမ်း

သတင်းဆောင်းပါး-မောင်မောင်ထွေး(သတင်းစဉ်)၊ ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)

ဘိုကလေးမြို့နယ် ကြိမ်ချောင်းကြီးကျေးရွာရှိ လယ်မြေများ ထွန်ယက်ပွဲတွင် စက်မှုလယ်ယာဦးစီးဌာနမှ စက်မောင်း (၄) ဦးအုန်းသန်းက ပြောပြစဉ်။

မုန်တိုင်းဒဏ်သင့် ဧရာဝတီတိုင်း၊ ဘိုကလေးမြို့နယ် ပြန်လည် တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို အနီးကပ် ကြီးကြပ်ကွပ်ကဲလျက်ရှိသည့် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သိန်းအောင်၏ ကျေးရွာ ပြန်လည်တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များကို လှည့်လည်ကြည့်ရှုစစ်ဆေးသည့်ခရီးစဉ်သို့ မိမိတို့ သတင်းအဖွဲ့ဝင်များ ဇွန် ၁၀ ရက်တွင် လိုက်ပါခွင့်ရခဲ့သည်။

မိမိတို့ သတင်းအဖွဲ့ဝင်များ လိုက်ပါခွင့်ရရှိခဲ့သည့် ကျေးရွာများကား မုန်တိုင်းဒဏ်ကြောင့် ထိခိုက်မှုအများဆုံးဖြစ်ခဲ့သော ကျေးရွာ ၁၂ရွာတွင်ပါဝင်သည့် စက်ဆန်းနှင့် ကြိမ် ချောင်းကြီး ကျေးရွာတို့ပင်။

စက်ဆန်းကျေးရွာကား ရေလုပ်ငန်းထက် လယ်ယာလုပ်ငန်း ဖွံ့ဖြိုးမှုက ပိုသည်။ ကျေးရွာရှိ လူဦးရေ ၂၃၈၉၈ ဦးရှိပြီး လယ်ယာဧက ၃၀၇၆၂ ဧက ရှိသည်။

ပြည်ပအသံလွှင့် ဌာနများက မုန်တိုင်းဒဏ်သင့် ဧရာဝတီတိုင်းအတွင်း ရေငန်များ ဝင်ရောက်မှုကြောင့် လယ်မြေကေများ ပျက်စီးပြီး ယခုနှစ်မိုးစပါးစိုက်ပျိုး၍ မရနိုင်ဟု ဆိုကြသော်လည်း မိမိတို့ သတင်းအဖွဲ့ဝင်များသည် နီးစပ်ရာ လယ်ယာဦးကြီးများကို အထက်ပါအချက်နှင့် စပ်လျဉ်း၍ စစ်တမ်းကောက်ကြည့်မိရာ "နဂိုကတည်းက ရေငန်ဝင်တဲ့ ဒေသများဖြစ်၍ အဆန်းမဟုတ်ကြောင်း၊ ရေကျမြန်သည်ကတစ်ကြောင်း၊ မိုးဖြိုင်ဖြိုင်ရွာသည်က တစ်ကြောင်းတို့ကြောင့် လယ်မြေထိခိုက်ပျက်စီးမှု မရှိကြောင်း၊ မြက်ပေါက်လျှင် စပါးစိုက်နိုင်ကြောင်း၊ ယခု ပေါက်သောမြက်များက ယခင်ကထက် ပို၍ပင် ရှင်သန်မှုကြီးထွားကြောင်း"၊ တိုင်ပင်ထားခြင်းမရှိဘဲ လက်တွေ့နှင့်ယှဉ်၍ လယ်သမားအားလုံးလိုလိုက တညီတညွတ်တည်း ဆိုကြသည်။

မြေကြီးကရွှေသီးရန် လယ်သမားကြီးများ ထွန်ယက်စိုက်ပျိုးဖို့ အသင့်ဖြစ်နေကြ၏။ ခွန်အားနှင့်ယှဉ်၍ မိမိခြေထောက်ပေါ် မိမိ ရပ်တည်နိုင်ရေးအတွက် အာသီသရှိကြ၏။

စက်မှုလယ်ယာဦးစီးဌာနကလည်း ထွန်စက်အစီး ၂၀ ပေးပို့ထားပြီး မျိုးစပါးများလည်း ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။

ကျန်းမာရေးဦးစီးဌာန၊ ဆေးအကာအကွယ် ပေးရေးအဖွဲ့မှ ဒေါက်တာဖြိုးဝေနှင့် စကားစပ်မိ၍ ကျေးရွာ၏ ကျန်းမာရေးအခြေအနေကို မေးမြန်းကြည့်ရာ "သာမန်ဝမ်းပျက်လူနာတစ်ဦးသာတွေ့ရကြောင်း၊ သာမန်ထိခိုက် ဒဏ်ရာ၊ နှာစေး ချောင်းဆိုး၊ ရင်ကျပ်၊ ဖျားနာ၊ လူနာများသာများကြောင်း၊ တစ်နေ့လျှင် လူနာအယောက် ၆၀ ခန့်ကို ဆေးဝါးကုသပေးလျက်ရှိကြောင်း" ရှင်းပြသည်။

ထိုမှတစ်ဆင့် ဝန်ကြီးဗိုလ်မှူးချုပ် သိန်းအောင်နှင့် အဖွဲ့ဝင်များသည် ကြိမ်ချောင်းကြီး ကျေးရွာသို့ ဆက်လက် ထွက်ခွာလာကြရာ ကျေးရွာသို့ရောက်သော် တောသူတောင်သားတို့၏ အသည်းစွဲနာမည်ကျော် တေးသံရှင်တွံတေး သိန်းတန်၏ တောလေလေ့သီချင်းသံများက လော်စပီကာမှတစ်ဆင့် လွင့်ပျံကြိုဆိုလျက် ရှိသည်။ ကြိမ်ချောင်းကြီး ကျေးရွာ၏ ရွာရိုးလမ်းအတိုင်း လျှောက်လှမ်းရင်း လေ့လာကြည့်ခဲ့ရာ ကုန်စုံဆိုင်များ၊ ဈေးဆိုင်လေးများဖြင့် စည်ကားစပြုနေလေပြီ။ လက်ဖက်ရည်ကို စွဲလမ်းနှစ်ခြိုက်သူ တစ်ဦးပီပီ လက်ဖက်ရည်တစ်ခွက်ကို အပြေးအလွှား ဝယ်သောက်မိသေးသည်။

ထိုမှလွန်သော် စက်မှုလယ်ယာဦးစီးဌာနနှင့် ထူးထရေးဒင်းကုမ္ပဏီလီမိတက်၊ **Air Bagan** တို့က လှူဒါန်းထားသော လက်တွန်း ထွန်စက်များဖြင့် စုပေါင်းထွန်ယက်နေကြသည်ကို တွေ့ရသည်။ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်က လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အတွက် နိုင်ငံတော်က ဆက်လက် ထောက်ပံ့ပေးမည့် အစီအစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားလျက်ရှိသည်။

အဆိုပါ ထွန်ယက်ပွဲတွင် စက်မှုလယ်ယာဦးစီးဌာနနှင့် ထူးထရေးဒင်းကုမ္ပဏီလီမိတက်၊ Air Bagan တို့မှ ဝန်ထမ်းများကလည်း ပါဝင်ထွန်ယက်လျက်ရှိ၍ စက်မှုလယ်ယာဦးစီးဌာနမှ ဝန်ထမ်းတစ်ဦးအား မေးမြန်းကြည့်ရာ "ကျွန်တော့် နာမည် ဦးအုန်းသန်းပါ၊ ရာထူးက စက်မောင်း(၄)ပါ၊ ကျွန်တော်တို့ တာဝန်က စက်ပြင်ဆင်တယ်၊ တပ်ဆင်ပေးတယ်၊ စက်မောင်းသူ မရှိရင် မောင်းပေးပါတယ်။ အင်အား ၁၁ ဦး ရှိပါတယ်။ လက်ရှိ ဒီကျေးရွာအုပ်စုအတွက် လက်တွန်း ထွန်စက် ၁၀ စီး ပေးထားပါတယ်။ ထူးကုမ္ပဏီက စက်တွေကိုလည်း ကျွန်တော်တို့ ပူးပေါင်းဆောင်ရွက်ပေးနေပါတယ်။ ယခုလက်ရှိမှာ ဘဂ်လားကျေးရွာမှာ ဧက ၄၀ ထွန်ပြီးပါပြီ။ ကြိမ်ချောင်းကြီးကျေးရွာအတွက် အခုစတင် ထွန်ယက်နေပါပြီ။ လယ်တွေက စိုက်လို့ရပါတယ်" ဟု ရှင်းပြသည်။

ဘိုကလေးမြို့နယ် ကြိမ်ချောင်းကြီးကျေးရွာတွင် စက်မှုလယ်ယာဦးစီးဌာနနှင့် ထူးထရေးဒင်းကုမ္ပဏီ လီမိတက်၊ Air Bagan တို့က လှူဒါန်းထားသော လက်တွန်းလယ်ထွန်စက်များဖြင့် စုပေါင်း၍ လယ်မြေများအား ထွန်ယက်နေကြစဉ်။

တစ်ဆက်တည်းမှာပင် ထူးထရေးဒင်း ကုမ္ပဏီလီမိတက်မှ အထွေထွေမန်နေဂျာ ဦးစိုးမိုးအေးက "ကျွန်တော်တို့ ကုမ္ပဏီအနေနဲ့ ကြိမ်ချောင်းကြီးကျေးရွာအတွက် ဆန်အိတ်၉၀၀၊ မျိုးစပါးတင်း ၁၀၀၀၀ နဲ့ ထွန်စက်အစီး ၄၀ ပေးအပ် လှူဒါန်းထားပါတယ်။ ယခုလက်ရှိ ထွန်စက် ၂၅ စီး ရောက်ရှိပြီး ထွန်ယက်နေပါတယ်။ ပြန်လည်ထူထောင်ရေးအဖြစ် ခုတင် ၆၀ နဲ့ ၁၀၀ ကြား ဆေးရုံတစ်ရုံနဲ့ စာသင်ကျောင်း တစ်ကျောင်း ဆောက်လုပ်လှူဒါန်းဖို့ ပြင်ဆင်နေပါတယ်။ စာသင်ကျောင်းက ပေ ၃၀ X ပေ ၇၀ နှစ်ထပ် ကျောင်းဆောင်ဖြစ်ပြီး ကွန်ကရစ်နဲ့ အခိုင်အမာ ဆောက်လုပ်သွားမှာ ဖြစ်ပါတယ်။ ရေဘေးအန္တရာယ် ကြုံတွေ့ခဲ့ရင် ခိုလှုံနိုင်ရေးအတွက်ပါ ရည်ရွယ်ထားပါတယ်။ ရွာက ဘုန်းတော်ကြီးကျောင်းကိုလည်း ပြင်ဆင်မွမ်းမံပြီးပါပြီ" ဟု ပြောကြားသည်။

မိမိတို့ သတင်းအဖွဲ့ဝင်များသည် ဆက်လက်၍ ဘုန်းတော်ကြီးကျောင်းအတွင်း ယာယီကျောင်းဖွင့်လှစ်၍ ကျောင်းသား၊ ကျောင်းသူများအား စာသင်ကြားမှုကို ကြည့်ရှုလေ့လာကြသည်။

ဝန်ကြီး ဗိုလ်မှူးချုပ် သိန်းအောင်က ကျောင်းအတွက် ငွေကျပ်နှစ်သိန်း၊ ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများကို လှူဒါန်းခဲ့သည်။

မိမိတို့ သတင်းအဖွဲ့ဝင်များ ကြိမ်ချောင်းကြီးကျေးရွာမှ ပြန်လည်ထွက်ခွာလာသည့် တိုင်အောင် ကလေးများ စာအံသည့် အသံများ၊ တွံတေးသိန်းတန်၏ သီချင်းသံများက လွင့်ပျံနေဆဲပင်။

ဤအသံ၊ ဤမြင်ကွင်းတို့ကား အနာဂတ် ကြိမ်ချောင်းကြီးကျေးရွာ ပြန်လည်ဖွံ့ဖြိုးရေးအတွက် အရုဏ်ဦး အတိတ်နိမိတ် တစ်ရပ်ဟုသာ ညွှန်းဆိုဖွဲ့ချင်ပါသည်။ ။

ဘိုကလေးမြို့နယ် ကြိမ်ချောင်းကြီးကျေးရွာတွင် ထူးထရေးဒင်း ကုမ္ပဏီလီမိတက်၊ Air Bagan တို့မှ လှူဒါန်းထားသော လက်တွန်းလယ်ထွန်စက်များကို တွေ့ရစဉ်။

ဘိုကလေးမြို့နယ် ကြိမ်ချောင်းကြီးကျေးရွာ ကုန်စုံဆိုင်အချို့ကို တွေ့ရစဉ်။

ပန်းတိုင်ဆီ ချီရာလမ်းကဖြင့်

လူသစ်
(ပိတောက်မြေ)

ကျွန်တော်တို့ မြန်မာနိုင်ငံမှာ တရားဝင်နိုင်ငံရေးပါတီပေါင်း ၁၀ ပါတီရှိပါတယ်။ အဲဒီ ၁၀ ပါတီအနက် အများစုဟာ တည်ဆဲ စည်းမျဉ်း ဥပဒေနှင့်အညီ စည်းကမ်းတကျနေထိုင်ပြီး သက်ဆိုင်ရာ ပါတီနိုင်ငံရေးကိုပဲ ဇောက်ချလုပ်နေကြပေမယ့် အများသိပြီးဖြစ်တဲ့အတိုင်း NLD ပါတီကတော့ နိုင်ငံတော်နှင့် ပြည်သူအပေါ် ကဖျက်ယဖျက်လုပ်ရပ်တွေကိုပဲ အစဉ်တစိုက်လုပ်လာခဲ့တာကို ကျွန်တော်သတိပြုမိပါတယ်။ "အလုံးစုံပျက်သုဉ်းရေး" တို့၊ "ထိပ်တိုက်ရင်ဆိုင်ရေး" တို့၊ "အမိန့်အာဏာဟူသမျှ တာဝန်အရဖီဆန်ကြ" တို့ဆိုတဲ့ ဆန့်ကျင်ဖီဆန်ရေးဝါဒစွဲတွေအောက်မှာ တည်ဆဲအစိုးရလုပ်သမျှ ဆန့်ကျင်ကန့်ကွက် ရှုတ်ချရမယ်လို့များ မှုချထားသလားတောင် မပြောတတ်ပါဘူး။ တစ်ဖက်က ဘယ်လောက်ပဲကောင်းအောင်လုပ်လုပ် အခြားတစ်ဖက်က အကောင်းမမြင်နိုင်ဘဲ ဆန့်ကျင်ပြစ်တင် အပုပ်ချနေမယ်ဆိုရင်တော့ ကျွန်တော်တို့ ပြည်သူတွေမျှော်လင့်တဲ့ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးဆိုတာ ဝေးသည်ထက်ဝေးနေဦးမှာပါပဲ။

ဒီလိုပြောလို့ ကျွန်တော်ဟာ အစိုးရဘက်တော်သားလားလို့ မေးစရာရှိပါတယ်။ မဟုတ်ပါဘူး။ ကျွန်တော်ဟာ ဘယ်သူ့ဘက်တော်သားမှ မဟုတ်ပါဘူး။ အစိုးရပဲဖြစ်ဖြစ်၊ NLD ပဲ ဖြစ်ဖြစ်၊ တစည ပဲဖြစ်ဖြစ် ကောင်းတာလုပ်ရင် ကောင်းတာဖြစ်ပြီး ကောင်းတာပဲပြောမှာဖြစ်ပါတယ်။ မကောင်းတာလုပ်ရင်တော့လည်း တာဝန်သိ ပြည်သူတစ်ယောက်အနေနဲ့ မကောင်းကြောင်း အားနာနာနဲ့ပဲ ပြောရမှာပါ။ သာမန်ပြည်သူ တစ်ယောက်အနေနဲ့ သူသိတာ၊ မြင်တာ၊ ပြောချင်တာလေးတွေကို အပြုသဘောဆောင်တဲ့ ရှုထောင့်က ပြောခွင့်ရှိတယ်လို့ ယုံကြည်မိပါတယ်။

လက်ရှိနိုင်ငံရေးပါတီ ၁၀ ပါတီအနက် NLD ဟာ ကြေညာချက်အမျိုးမျိုးကို ပလူပျံအောင်ထုတ်လည်း ထုတ်နိုင်လွန်းတဲ့ တစ်ခုတည်းသော ပြိုင်စံရှားပါတီပါပဲ။ ထုတ်သမျှ ကြေညာချက်တိုင်းကလည်း တည်ဆဲအစိုးရအပေါ်၊ ပြည်သူလူထုရဲ့ အကျိုးစီးပွားနဲ့ တည်ငြိမ်အေးချမ်း တိုးတက်မှုတွေအပေါ် ဆန့်ကျင်တဲ့၊ အပုပ်ချတဲ့ အဆိုးမြင်ကြေညာချက်တွေချည်းဖြစ်ပါတယ်။ နိုင်ငံနဲ့ပြည်သူရဲ့ ရှေ့ကိုချီတက်မယ့် ခြေလှမ်းသစ်တွေကို နောက်ပြန်ဆွဲချဖို့ ကြိုးပမ်းတဲ့ ကဖျက်ယဖျက်ကြေညာချက်တွေချည်းပဲဖြစ်ပါတယ်။ ကျွန်တော်ပြောတာ မှားနေရင်လည်း ထောက်ပြနိုင်ပါတယ်။ ကျွန်တော် သတိပြုမိသလောက်တော့ အပြုသဘောဆောင်တဲ့ လုပ်ဆောင်ချက်တွေ မရှိခဲ့သလောက်ပါပဲ။

အခုလည်း ၂၀၀၈ခုနှစ်၊ ဇွန်လ ၁၀ ရက်နေ့စွဲနဲ့ NLD ရဲ့ အထူးကြေညာချက်ဆိုတာ ထွက်လာပြန်ပါတယ်။ အဲဒီကြေညာချက်ရဲ့ အနှစ်ချုပ်ကတော့ အတည်ပြုပြဋ္ဌာန်းပြီးဖြစ်တဲ့ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း (၂၀၀၈) ကို ဆန့်ကျင်ကန့်ကွက်တာပါပဲ။ အစိုးရက စိတ်ကြိုက်ရွေးချယ်ထားတဲ့ ပုဂ္ဂိုလ်တွေနဲ့ တစ်ဖက်သတ်ရေးဆွဲထားတယ်။ သူတို့ NLD ကိုလည်း ပြန်လည်သုံးသပ် စဉ်းစားဆွေးနွေးဖို့ အခွင့်အရေးမပေးခဲ့ဘူး။ အာဏာပိုင်တွေကလည်း ဆန္ဒခံယူပွဲ ဥပဒေချိုးဖောက်ပြီး ထောက်ခံမဲတွေ အတင်းထည့်ခိုင်းတယ်။ လွတ်လပ်ပြီး တရားမျှတမှုမရှိတဲ့အတွက် ပြည်သူရဲ့စစ်မှန်တဲ့အဆုံးအဖြတ်ကို မဖော်ထုတ်နိုင်ခဲ့ဘူး။ ဒါကြောင့် ဒီအခြေခံဥပဒေဟာ တရားမဝင်ပါဘူးဆိုပြီး ကတောင်ချောက်ချားနဲ့ ထင်ရာမြင်ရာ လျှောက်ပြီးရေးထားတဲ့ ကြေညာချက်မျိုးပါပဲ။

ရေနစ်သူဟာ ကောက်ရိုးတစ်မျှင်ကိုတောင်မှ အားကိုးတကြီးဆွဲယူတတ်ပါသတဲ့။ အခု NLD ကို ကြည့်ရတာ ကျွန်တော့် စိတ်ထဲမှာတော့ ရေနစ်သူတစ်ယောက်လိုပဲ မြင်နေမိပါတယ်။ သူလည်း အားကိုးတကြီး ကြောက်လန့်တကြားနဲ့ ရမိရရာ အချက်အလက်တွေကို အတင်းဆွဲယူပြီး အားကိုးရှာတာပါပဲ။ ဒါပေမယ့် သူတို့အတင်းဆွဲယူထားတဲ့ အချက်အလက်တွေက ကောက်ရိုးတစ်မျှင်လောက်တောင် အားကိုးလောက်စရာမရှိပါဘူး။ ဘာမှမခိုင်လုံဘူး၊ ဘာတစ်ခုမှမှန်တာမပါဘူး။ ဆီသည်မလက်သုတ်ပဝါလို ဖန်တစ်ရာတေနေတဲ့ လိုမ့်လုံးညာလုံးတွေချည်းပါပဲ။ ဆန္ဒခံယူပွဲမတိုင်ခင်ကလည်း ဒါတွေပဲ၊ ဆန္ဒခံယူပွဲပြီးလို့ အခြေခံဥပဒေကို အများထောက်ခံဆန္ဒမဲတွေနဲ့ အတည်ပြုလိုက်ပြန်တော့လည်း ဒါတွေထဲက ရုန်းမထွက်နိုင်သေးတာ တွေ့နေရပါတယ်။ တစ်ခုခုတော့ လွဲနေပြီထင်ပါတယ်။

ဒီကြားထဲ NLD ဟာ ၁၉၉၀ ရွေးကောက်ပွဲလောင်းရိပ်အောက်မှာပဲ ကပ်ရပ်မှီခိုရင်း အခုထက်ထိ ဒါကြီးကိုပဲ တခုတ်တရဖက်တွယ်နေတာတွေ့ရတော့ ရွှဲကုန်သည်ပြဇာတ်ထဲက "ပေး. . . . ပေး၊ မပေးပေး၊ ငွေ့ရွှေခွက်ပေး" ဆိုတဲ့ ဇာတ်သိမ်းပိုင်းလေးကို သတိရမိပြန်ပါတယ်။ ကျွန်တော်ကတော့ NLD ကို ဒီလို အခြေအနေမျိုးနဲ့ မတွေ့ချင်ရိုး အမှန်ပါပဲ။ မြစ်ဟိုဘက်ကမ်းကို ကူးရောက်နေပြီဖြစ်တဲ့ ရွှေခွက်ကြီးအတွက် ဒီဘက်ကမ်းက တစာစာ အော်ဟစ်ငိုကြွေးတောင်းခံနေတဲ့ ရွှဲကုန်သည်လို မဖြစ်စေချင်တာ ကျွန်တော့်ဆန္ဒပါ။

ကျွန်တော်တို့ နိုင်ငံတော်ရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)ကို ဆန္ဒမဲပေးသူအားလုံးရဲ့ ၉၂ဒသမ၄၈ရာခိုင်နှုန်းထောက်ခံမဲနဲ့ အတည်ပြုပြဋ္ဌာန်းပေးခဲ့တာပါ။ပြောရရင်၁၀ယောက်မှာကိုးယောက်ကျော်က ထောက်ခံအတည်ပြုခဲ့တာပါ။ ဒါကြောင့် အခြေခံဥပဒေမူကြမ်းဟာ ပြည်သူလူထုရဲ့ Mandate နဲ့ အတည်ဖြစ်သွားပြီ၊ ပြည်သူရဲ့ Mandate ကို ပိုင်ဆိုင်သွားပြီလို့ ဆိုနိုင်ပါတယ်။ ဒီလောက် တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ ရာနှုန်းပြည့်နီးပါး တစ်ခဲနက် ထောက်ခံအတည်ပြုပေးလိုက်တာဟာ ဘာကြောင့်ပါလဲဆိုတာ ဆန်းစစ်ပြချင်ပါတယ်။

ပထမဆုံးအချက်အနေနဲ့ တည်ဆဲအစိုးရ၊ တစ်နည်းအားဖြင့် တပ်မ တော်အစိုးရဟာ နိုင်ငံတော်တာဝန်ကို စတင်ထမ်းဆောင်တဲ့ အချိန်ကစပြီး နိုင်ငံနဲ့အဝန်း တောင်တန်းနယ်စပ်ဒေသတွေပါမကျန် အဘက်ဘက်က တိုးတက်ဖွံ့ဖြိုးစည်ပင်လာအောင် စွမ်းဆောင်မြှင့်တင်ပေးနိုင်ခဲ့တယ်ဆိုတာ ဘယ်သူမှမငြင်းနိုင်တဲ့အချက်ဖြစ်ပါတယ်။ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ကျန်းမာရေး စသဖြင့် အဘက်ဘက်က တိုးတက်မှုတွေဟာ လက်ညှိုးထိုးမလွဲ အထင်အရှားဖြစ်ပါတယ်။ ဒီလို နိုင်ငံနဲ့ ပြည်သူရဲ့ ရေရှည်အကျိုးစီးပွားကို မျှော်မှန်းပြီး စွမ်းစွမ်းတမံ ကြိုးပမ်းလုပ်ဆောင်ပေးနေတာကို ဒီနေ့ ပြည်သူကသိတယ်၊ လက်ခံတယ်၊ ယုံကြည်အားကိုးတယ်၊ ဒီတော့ တည်ဆဲအစိုးရရဲ့ အမျိုးသားရေး လုပ်ငန်းစဉ်တွေကို ပြည်သူက အပြည့်အဝထောက်ခံအားပေးတယ်။ ဒါကြောင့်လည်း ဒီဖွဲ့စည်းပုံအခြေခံဥပဒေကို ပြည်သူက တစ်ခဲနက်ထောက်ခံအတည်ပြုပေးလိုက်ခြင်းဟာ အစိုးရရဲ့ နိုင်ငံနဲ့ ပြည်သူအပေါ်ထားတဲ့ မေတ္တာစေတနာကို ရောင်ပြန်ထင်ဟပ်ပြလိုက်ခြင်းသာဖြစ်တယ်လို့ ဆိုနိုင်တယ်။

နောက်တစ်ချက်က အမျိုးသားရေးအင်အားစုတွေဖြစ်တဲ့ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးနဲ့ အခြား NGO အဖွဲ့အစည်းအားလုံးက တည်ဆဲအစိုးရရဲ့ ဦးဆောင်လမ်းညွှန်မှုနဲ့အညီ ကျေးလက်ဒေသအသီးသီးမှာ ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (၅)ရပ်ဆိုတာကို လက်တွေ့အကောင်အထည်ဖော်ပေးနေတယ်။ ဒီလို ကျေးလက်ပြည်သူအကျိုး ဆောင်ရွက်ပေးနေတာကို ကျေးလက်ပြည်သူက သိတယ်၊ ချစ်ခင်တယ်၊ ယုံကြည်အားကိုးတယ်။ အဲဒီအမျိုးသားရေးအင်အားစုတွေနဲ့ ကျေးလက်ပြည်သူက ကျေးလက်ဒေသအကျိုးကို အတူတွဲလုပ်ရင်း သဟဇာတဖြစ်ပြီး တစ်သားတည်းဖြစ်နေကြပြီ။ ဒီတော့ အမျိုးသားရေးအင်အားစုတွေက ပြောတာ၊ ဆိုတာ၊ ဆွေးနွေးစည်းရုံးတာကို ကျေးလက်ပြည်သူက လုံးဝလက်ခံတယ်။ တည်ဆဲအစိုးရရဲ့ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်ချက်တွေကို သိနားလည်ယုံကြည်ထားပြီးဖြစ်တဲ့အပြင် အဲဒီအမျိုးသားရေးအင်အားစုတွေရဲ့ စည်းရုံးမှုအားကပါ ထပ်ပေါင်းလိုက်တော့ ကျေးလက်ပြည်သူတွေက ဒီအခြေခံဥပဒေကြီးကို ရာနှုန်းပြည့်ကို ထောက်ခံကြတော့တာပေါ့။ စေတနာမှန်လို့ အောင်မြင်တယ်ဆိုရမှာပါပဲ။

ဒီတော့ပြည်လုံးကျွတ်ဆန္ဒခံယူပွဲမှာ တောရော၊ မြို့ရော၊ တောင်တန်း နယ်စပ်ပါမကျန် အားလုံးထောက်ခံကြတာ ဆန်းသလား။ အခုလို ရာနှုန်းပြည့်နီးပါး ထောက်ခံကြတယ်ဆိုတော့မှ NLD က မျက်ကလဲဆန်ပျာဖြစ်ပြီး မတရားဘူး၊ လူထုအပေါ် အကျပ်ကိုင်တယ်၊ ခြိမ်းခြောက်တယ်၊ လိမ်လည်လှည့်ဖြားတယ်။ မလျော်ဩဇာသုံးတယ်လို့ စွပ်စွပ်စွဲစွဲပြောလာတာဟာ မိုးကြိုးပစ်တာကိုထန်းလက်နဲ့ကာဖို့ ကြိုးစားလိုက်တာမဟုတ်ဘူးလား။ တကယ်တော့ ကျွန်တော်တို့ပြည်သူအားလုံးဟာ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲမှာကိုယ်တိုင်ထောက်ခံ မဲပေးလာကြတဲ့သူတွေချည်းပါပဲ။ ကိုယ်တိုင်လည်း စိတ်အေးချမ်းသာစွာ လွတ်လွတ်လပ်လပ် ဆန္ဒမဲပေးခွင့်ရခဲ့သလို ဘယ်နေရာ၊ ဘယ်ဒေသမှာမှလည်း NLD ပြောသလို မတရားသဖြင့် အနိုင်ကျင့်ခံရတယ်လို့ မကြားမိပါဘူး။ အစိုးရအနေနဲ့ NLD ပြောသလို မသမာမှုတွေလုပ်ခဲ့မယ်ဆိုရင်တောင် အခုလို ၉၂ဒသမ၄၈ရာခိုင်နှုန်းဆိုတဲ့ ရာနှုန်းပြည့်နီးပါး ထောက်ခံမဲကို ဘယ်လိုမှ ရနိုင်စရာမရှိပါဘူး။ ပြည်သူကသာတကယ်မပါရင် ဘယ်လောက်ပဲ မဟုတ်တဲ့နည်းတွေသုံးသုံး၊ ဘယ်လောက်ပဲ လှည့်စားဖြားယောင်းစေကာမူ ဒီပမာဏ ထောက်ခံမဲ ရနိုင်စရာအကြောင်းမရှိဘူးဆိုတာတော့ NLD နားလည်စေချင်ပါတယ်။

တကယ်တော့ NLD ရဲ့ အခုကြေညာချက်ဟာ အစိုးရကိုဆန့်ကျင်ကန့်ကွက်လိုက်တာဖြစ်ပေမယ့် တစ်ဖက်ကကြည့်ရင် ယနေ့ပြည်သူကို အထင်သေးရာ၊ နှိမ့်ချစော်ကားရာရောက်တယ်လို့ ဆိုနိုင်ပါတယ်။ ယနေ့ပြည်သူဟာ အစိုးရကိုကြောက်လို့၊ ဘာမှမသိနားမလည်ဘဲ အစိုးရသွေးဆောင်ဖြားယောင်းတာကို နားယောင်မိလို့ ထောက်ခံမဲထည့်ခဲ့တာလို့ ဆိုလိုရာရောက်ပါတယ်။ ဒါဟာ ကျွန်တော်အပါအဝင် ယနေ့ပြည်သူအားလုံးကို နှိမ့်ချစော်ကားလိုက်တာပါပဲ။ ယနေ့ပြည်သူဟာ ၁၉၈၈ခုနှစ်က ပြည်သူမဟုတ်တော့ပါဘူး။ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေးအမြင်အသိ ဗဟုသုတမြင့်မားပြီး အကြောင်းအကျိုး၊ အကောင်းအဆိုးကို ကောင်းကောင်းခွဲ ခြားနားလည်နိုင်တဲ့၊ အတွေးအခေါ်မြင့်မားရင့်ကျက်တဲ့ အရည်အသွေးမြင့် ပြည်သူတွေဖြစ် နေကြပါပြီ။ အရင်တုန်းကလို နိုင်ငံရေးသမားတွေပြောသမျှ၊ ဟောသမျှ၊ မစားရဝခမန်းလိမ့်လုံးညာလုံးတွေကို ရောယောင် လက်ခုပ်တီးရင်း ပုဂ္ဂိုလ်ရေးပေါ်လွင်ထင်ရှားမှုကို ဘုမသိဘမသိ ခေါင်းညိတ် ထောက်ခံခဲ့တဲ့သူတွေမဟုတ်တော့ပါဘူး။ ယနေ့ပြည်သူက NLD ပါးစပ်ဟတာနဲ့ အူဘယ်နှစ်ခွေရှိတယ်ဆိုတာ အစင်းလိုက်မြင်ပြီးဖြစ်သလို တည်ဆဲအစိုးရမှန်သလား၊ မှားသလားဆိုတာလည်း ကောင်းကောင်းခွဲခြား သိမြင်နေကြပါပြီ။ ဒါကြောင့် အစိုးရကသာ အမှားလုပ်ခဲ့မယ်ဆိုရင် ယနေ့ပြည်သူက ဘယ်လိုမှပါမှာမဟုတ်ပါဘူး။ အစိုးရရဲ့ လမ်းကြောင်းမှန်၊ လုပ်ရပ်မှန်လို့သာ ယနေ့ပြည်သူက အခုလိုအမှန်တရားဘက်က အပြည့်အဝ ရပ်တည်ခဲ့တာဖြစ်တယ်လို့ ဆိုနိုင်ပါတယ်။

ဒါ့အပြင် **ကျွန်တော်တို့ပြည်သူအားလုံးက ဒီမိုကရေစီကို လိုလားတောင့်တနေပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေမရှိဘဲနဲ့ ဒီမိုကရေစီကို ဖော်ဆောင်လို့မရနိုင်ပါဘူး။ ဒီတော့ အခုလိုအခြေခံဥပဒေကိုပြည်သူက တစ်ခဲနက် ထောက်ခံအတည်ပြုပေးလိုက်တာဟာ ဒီမိုကရေစီစနစ်ကို မြန်မြန်အကောင်အထည်ဖော်ပေးနိုင်ဖို့ လမ်းဖွင့်ပေးလိုက်တာပဲဖြစ်ပါတယ်။ ဒါဟာ ကျွန်တော်တို့ပြည်သူတွေရဲ့ ဆန္ဒအမှန်ပါ။ NLD အနေနဲ့ အခုလို ဖွဲ့စည်းပုံအခြေခံဥပဒေကို တရားမဝင်ဘူးလို့ ပြောလိုက်တာဟာ ပြည်သူတွေလိုလားတဲ့ ဒီမိုကရေစီလမ်းကြောင်းကို ရှေ့မဆက်နိုင်အောင် ဟန့်တားဖို့ကြိုးပမ်းတာဖြစ်လို့ တစ်နည်းအားဖြင့် ပြည်သူ့ဆန္ဒကို ပြောင်ပြောင်တင်းတင်း ဆန့်ကျင်လိုက်တာပဲဖြစ်ပါတယ်။ ပြည်သူ့ဆန္ဒကိုကိုယ်စားမပြုနိုင်ရင်တော့ တစ်ချိန်ချိန်မှာ ပြည်သူနဲ့ လမ်းခွဲရပါလိမ့်မယ်။ ပါးစပ်က ဒီမိုကရေစီရေး**

အခုလို ဖွဲ့စည်းပုံအခြေခံဥပဒေကို အတည်ပြုပြီးနောက်မှာ ဥပဒေနှင့်အညီ ပါတီထောင်ခွင့်၊ စည်းရုံးခွင့်၊ မဲဆွယ်ခွင့်၊ အရွေးချယ်ခံပိုင်ခွင့်တွေရကြမှာ ဖြစ်ပါတယ်။ ဒီတော့ ၂၀၁၀ ပြည့်နှစ်မှာ ကျင်းပမယ့် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲကြီးမှာ ပါဝင်ယှဉ်ပြိုင်ပြီး ပြည်သူရဲ့ အဆုံးအဖြတ်ကို ရယူခြင်းသည်သာ ဒီမိုကရေစီကူးပြောင်းနိုင်ဖို့ အန္တရာယ်အကင်းဆုံးနဲ့ အကောင်းဆုံးလမ်းကြောင်းလို့ ယူဆပါတယ်။ ဒီလမ်းကြောင်းကို မလိုက်ဘဲအမျိုးမျိုးဆန့်ကျင် ကန့်လန့်တိုက်နေတာတွေဟာ နိုင်ငံအတွက်ရော ပြည်သူအတွက်ပါ အန္တရာယ်ကျရောက်စေနိုင်တဲ့လမ်းကြောင်းကို ဦးတည်နေတယ်လို့ မြင်မိပါတယ်။ ကိုယ့်ပါတီရဲ့ အတ္တအကျိုးစီးပွားကိုပဲ ရှေ့တန်းတင်ပြီး အခုလို လုပ်နေတာတွေဟာ နိုင်ငံနဲ့ပြည်သူကို ချစ်ရာမရောက်ဘဲ နှစ်ရာရောက်စေမှာဖြစ်တယ်လို့ ရိုးသားစွာ သတိပေးလိုက်ချင်ပါတယ်။

စာမျက်နှာ ၇ ကော်လံ ၁ သို့ ✡

✡ စာမျက်နှာ ၆ ဆောင်းပါးမှအဆက်

တွင်တွင်အော်နေပေမယ့် အခုလို ဒီမိုကရေစီဖော်ဆောင်မယ့် လမ်းကြောင်းကို အတိအလင်း ဆန့်ကျင်နေတာကတော့ ဘယ်လိုမှ မအပ်စပ်လှပါဘူး။

အခုလို ဖွဲ့စည်းပုံအခြေခံဥပဒေကို အတည်ပြုပြီးနောက်မှာ ဥပဒေ နှင့်အညီ ပါတီထောင်ခွင့်၊ စည်းရုံးခွင့်၊ မဲဆွယ်ခွင့်၊ အရွေးချယ်ခံပိုင်ခွင့် တွေရကြမှာဖြစ်ပါတယ်။ ဒီတော့ ၂၀၁၀ ပြည့်နှစ်မှာ ကျင်းပမယ့် ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးမှာ ပါဝင်ယှဉ်ပြိုင်ပြီး ပြည်သူရဲ့ အဆုံးအဖြတ်ကို ရယူခြင်းသည်သာ ဒီမိုကရေစီ ကူးပြောင်းနိုင်ဖို့ အန္တရာယ်အကင်းဆုံးနဲ့ အကောင်းဆုံး လမ်းကြောင်းလို့ ယူဆပါတယ်။ ဒီလမ်းကြောင်းကို မလိုက်ဘဲ အမျိုးမျိုးဆန့်ကျင် ကန့်လန့်တိုက်နေတာတွေဟာ နိုင်ငံအတွက်ရော ပြည်သူအတွက်ပါ အန္တရာယ်ကျ ရောက်စေနိုင်တဲ့လမ်းကြောင်းကို ဦးတည်နေတယ်လို့ မြင်မိပါတယ်။ ကိုယ့်ပါတီရဲ့ အတ္တအကျိုးစီးပွားကိုပဲ ရှေ့တန်းတင်ပြီး အခုလို လုပ်နေ တာတွေဟာ နိုင်ငံနဲ့ ပြည်သူကို ချစ်ရာမရောက်ဘဲ နှစ်ရာရောက်စေမှာ ဖြစ်တယ်လို့ ရိုးသားစွာ သတိပေးလိုက်ချင်ပါတယ်။

တကယ်တော့ နိုင်ငံတော်နဲ့ပြည်သူရဲ့ ဒီမိုကရေစီဖော်ဆောင်ရေး ပန်းတိုင်အတွက် အခြေခံဥပဒေ အတည်ပြုနိုင်ခြင်းက ရှေ့တစ်ဆင့် လမ်းဖွင့်ပေးနိုင်ခဲ့ပြန်ပါပြီ။ ဒီလို အတည်ပြုပြီးဖြစ်တဲ့ အခြေခံဥပဒေနဲ့ အညီ သင့်လျော်တဲ့ အချိန်ရောက်ရင် ရရှိလာမယ့် ပါတီတည်ထောင်ခွင့်၊ စည်းရုံးခွင့်၊ ရွေးကောက်ပွဲဝင်ခွင့်များကို ထိထိရောက်ရောက် အသုံးချနိုင်ဖို့ ကြိုးစားသင့်ကြပါပြီ။ ၂၀၁၀ အထွေထွေရွေးကောက်ပွဲအတွက် အစိုးရကိုထောက်ခံသူများရော ဆန့်ကျင်သူများပါ သင့်လျော်တဲ့အချိန်မှာ ဆိုင်ရာဥပဒေများနဲ့အညီ ပါတီများထူထောင်ခွင့်၊ စည်းရုံးလှုပ်ရှားခွင့်၊ ရွေးကောက်ပွဲဝင်ခွင့်တွေရရှိကြမှာဖြစ်ပါတယ်။ရွေးကောက်ပွဲမှာ ပြည်သူလူထုရဲ့ဆန္ဒမဲနဲ့ အရွေးချယ်ခံရပြီဆိုရင် လွှတ်တော်များမှာ ကိုယ်စားလှယ်အဖြစ် ပါဝင်ခွင့်ရမှာဖြစ်သလို လွှတ်တော်အတွင်း နိုင်ငံတော်ရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကိစ္စရပ်များမှာလည်း ဆွေးနွေးညှိနှိုင်းဆုံးဖြတ်ခွင့်များ ရရှိလာကြမှာဖြစ်ပါတယ်။

နောက်တစ်ချက်ကလည်း ဒီမိုကရေစီကို ဖော်ဆောင်ရာမှာ အရှိတရားကစကြရမှာဖြစ်ပါတယ်။ အရှိတရားထက် ကျော်လွန်ပြီး ဇွတ်အတင်း အကောင်အထည်ဖော်ရင် အကျိုးထက်အပြစ်က ပိုပြီးများဖို့ပဲ ရှိပါလိမ့်မယ်။ တဖြည်းဖြည်း ရင့်ကျက်ပြောင်းလဲတိုးတက်လာရမယ့် ဒီမိုကရေစီဖြစ်စဉ်ကို အတင်းအဓမ္မ ဇွတ်လုပ်ချင်နေလို့၊ ဒါမှမဟုတ် စိတ်ကူးယဉ်သက်သက် ဖော်ဆောင်ချင်နေလို့ ဘယ်လိုမှ မဖြစ်နိုင်ပါဘူး။ အလားတူ အခုရေတွင်းတူး၊ အခုရေကြည်သောက်ချင်လို့ မရနိုင်တဲ့ သဘာဝကိုလည်း မေ့မထားစေချင်ပါဘူး။

ဒီတော့ NLD အနေနဲ့ အတည်ပြုပြီးဖြစ်တဲ့ အခြေခံဥပဒေက ဖော်ဆောင်ပေးထားတဲ့အတိုင်း ၂၀၁၀ ပြည့်နှစ်မှာ ရွေးကောက်ပွဲဝင်ပြီး ပါတီ ရပ်တည်ရှင်သန်နိုင် အောင် ကြိုးပမ်းကြမယ့် လမ်းကြောင်းကိုပဲ ရွေးချယ်သင့်လှပါတယ်။ အဲဒီလမ်းကြောင်းကတော့ နိုင်ငံနဲ့ ပြည်သူအတွက်ရော၊ အားလုံးအတွက်ပါ အန္တရာယ်အကင်းဆုံးနဲ့ အသင့်မြတ်ဆုံး လမ်းကြောင်းလို့ မြင်မိပါတယ်။ သားရွှေအိုးထမ်းတဲ့ကိန်း ဆိုက်ဖို့က ဒီလမ်းကြောင်းသည်သာ အကောင်းဆုံးလို့ပဲ သုံးသပ်မိပါတယ်။

ချုပ်ပြီးဆိုပါရစေ။ NLD အနေနဲ့ အစိုးရလုပ်သမျှ ဆန့်ကျင်မယ်ဆိုတဲ့ မူဝါဒတွေလည်း ပြောင်းသင့်ပါပြီ။ အလားတူ ကဖျက်ယဖျက် ကြေညာချက်တွေအစား နိုင်ငံနဲ့လူမျိုးအကျိုးကို ရှေးရှုတဲ့အပြုသဘော ကြေညာချက်တွေကိုပဲ မျှော်လင့်ပါရစေ။ ဒိတ်အောက်နေတဲ့ Mandate ကြီးကိုလည်း ဘေးဖယ်ပြီး ယနေ့ပြည်သူရဲ့ Mandate နဲ့ အတည်ပြုပြီးသွားပြီဖြစ်တဲ့ အခြေခံဥပဒေနဲ့အညီ ၂၀၁၀ ရွေးကောက်ပွဲအတွက် အဘက်ဘက်က ပြင်ဆင်ကြိုးပမ်းသင့်ပါပြီ။ အတည်ပြုပြီးဖြစ်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ ဒီမိုကရေစီ ပန်းတိုင်ဆီကို ချီတက်ရာမှာ NLD အနေနဲ့ နည်းမှန်လမ်းမှန်နဲ့ ပူးပေါင်းပါဝင်ချီတက်နိုင်ပါစေလို့ ဆန္ဒပြုလိုက်ပါတယ်။

ပန်းတိုင်ဆီ ချီရာလမ်းကဖြင့် တကယ်ကိုဖြောင့်ဖြူးချောမွေ့နေပါပြီ။ အလှမ်းလည်း တကယ်မဝေးလှတော့ပါဘူး။ အတူလိုက်ချင်ရင် အချိန်မီပါသေးတယ်။ ။

တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေနှင့် ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့် ကျေးရွာများ ပြန်လည်ထူထောင်ရေးဆောင်ရွက်နေမှုကြည့်ရှု အားပေး

ရန်ကုန် ဇွန် ၁၅

အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေ၊ အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဝင် သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်နှင့် ပမ္မဝတီရေတပ်စခန်း ဌာနချုပ်မှူးတို့သည် ဇွန် ၁၁ ရက်တွင် ဧရာဝတီတိုင်း ငပုတောမြို့နယ် အုတ်တွင်းကျေးရွာသို့ ရောက်ရှိကြပြီး ကျေးရွာအတွင်း လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် လေဘေးသင့်ပြည်သူများအား တိုင်းမှူးက ကျောင်းဝတ်စုံနှင့် ပစ္စည်းများပေးအပ်သည်။

ထို့နောက် တိုင်းမှူး၊ ဝန်ကြီးနှင့် ရေတပ်စခန်းဌာနချုပ်မှူး တို့သည် လေဘေးသင့်ပြန်လည်ထူထောင်ရေး အတွက် ကူညီရန် ရောက်ရှိနေသော ရှမ်းပြည်နယ်(မြောက်ပိုင်း) စေတနာရှင် လူငယ်များအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက် အားပေးပြီး အုတ်တွင်းကျေးရွာ အခြေခံပညာ မူလတန်းလွန်ကျောင်း၌ကျောင်းသား ကျောင်းသူများ ပညာသင်ကြားနေမှုကို ကြည့်ရှုကြပြီး လိုအပ်သည်များ ဖြည့်ဆည်းပေးသည်။

ထို့နောက် တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့သည် ကျေးရွာအတွင်းစက်မှုလယ်ယာမှ လက်တွန်းလယ်ထွန်စက်များ တပ်ဆင်နေမှုကို ကြည့်ရှုကြသည်။ ဆက်လက်ပြီး ဘုန်းတော်ပြည့်ကျေးရွာပျက်စီးမှု အခြေအနေကို ကြည့်ရှုသည်။ ထို့နောက် ကျေးရွာအတွင်း ဆရာတော်များကပရိတ်ရွတ်ဖတ်မှုကို ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြကာ ဆက်လက်၍ ကျေးရွာအတွက်ပေးပို့ရောက်ရှိလာသောရေတိုင်ကီများထားရှိမှု၊ ယာယီတဲများတွင် ဈေးဆိုင်များ ဖွင့်လှစ်ထားရှိမှုနှင့် ဆေးကုသနေမှုတို့ကို ကြည့်ရှုအားပေးကြသည်။ တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့သည် ကုန်းကျောလမ်းတစ်လျှောက် အကွက်ချ၍ ယာယီတဲများ ဆောက်လုပ်ထားရှိမှု၊ အလယ်တန်းကျောင်း တည်ဆောက်နေမှုတို့ကို စစ်ဆေးပြီး ကျောက်ကလပ်ကျေးရွာ ပြန်လည်တည်ဆောက်ထားမှုကို ကြည့်ရှုကာ ကျေးရွာလူထုနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်အားပေးကြသည်။

ယင်းနောက် တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့သည် ကျောက်ကလပ်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲသို့ ရောက်ရှိပြီး ဆရာ၊ ဆရာမများနှင့် တွေ့ဆုံ၍ ပြန်လည်ပြုပြင် တည်ဆောက်ထားသည့် ကျောင်းအတွင်း ကျောင်းသား ကျောင်းသူများ၊ ပညာသင်ကြားနေမှုကို ကြည့်ရှုအားပေးကြသည်။ ထို့နောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်များနှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း) စေတနာရှင်လူငယ်များ ရွာအတွင်း ရှင်းလင်းနေမှုနှင့် ဆေးကုသနေမှုများကို ကြည့်ရှုပြီး အုတ်တွင်းကျေးရွာနှင့် လူနေတဲများ တည်ဆောက်မှုကို ရဟတ်ယာဉ်ပေါ်မှ ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ဘိုကလေးမြို့နယ် လမုအုပ်ကြီး ကျေးရွာတွင် ကျေးရွာပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများကို လက်ဝယ်အရောက်ပေးအပ်စဉ်။

(သတင်းစဉ်)

ဘိုကလေးမြို့နယ်အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းတွင် ကျောင်းသား၊ ကျောင်းသူလေးများ စာသင်ကြားနေကြစဉ်။

(သတင်းစဉ်)

အင်္ဂပူမြို့နယ် ဆန်စက်/ဆန်စပါးကုန်သည်များအသင်းမှ လေဘေးသင့်ပြည်သူများအတွက် ငွေနှင့်ပစ္စည်းများ လှူဒါန်း

ရန်ကုန် ဇွန် ၁၅

အင်္ဂပူမြို့နယ် ဆန်စက်/ဆန်စပါးကုန်သည်များအသင်း ဥက္ကဋ္ဌ ဦးတင်ထွန်း ခေါင်းဆောင်၍ အဖွဲ့ဝင်များဖြစ်သည့် ဦးဝင်းလှိုင်၊ ဦးသိန်းဝင်း၊ ဦးထွန်းအောင်ကျော်၊ ဦးကျော်ဝင်း၊ ဦးမောင်ဝင်း၊ ဦးမောင်ကိုနှင့်အဖွဲ့ဝင် ၁၅ ဦးပါဝင်သော အဖွဲ့သည် ဧရာဝတီတိုင်း ဘိုကလေးမြို့သို့ သွားရောက်ကာ သစ်တောရေးရာဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်၏ စီစဉ်မှုဖြင့် မြို့မ(၉)ရပ်ကွက် ဥက္ကဋ္ဌ ဦးတင်အောင်ထံလေဘေးသင့်အိမ်ထောင်စု ၉၀၀ အတွက်နှင့် အမှတ် (၁၈)ရပ်ကွက် လေဘေးသင့်အိမ်ထောင်စု ၅၀၀အတွက် ဥက္ကဋ္ဌ ဦးဝင်းကြည်ထံသို့ လည်းကောင်း၊ ထိုမှဆက်လက်ပြီး ဖျာပုံမြို့နယ် ရေဘေး ကယ်ဆယ်ရေးစခန်းသို့ ရောက်ရှိပြီး စခန်းတာဝန်ခံ ဦးမင်းဆွေထံသို့ လေဘေးသင့် အိမ်ထောင်စု ၇၀၀ အတွက်ကိုလည်းကောင်း၊ လပွတ္တာမြို့နယ်လေဘေးသင့်ကျေးရွာများဖြစ်သော ခနောင်ရွာ၊ တဲ့တဲ့တူးရွာ၊ ထင်းကွင်းရွာ၊ ရွှေပေချောင်းကျေးရွာ၊ ကုလားရကျေးရွာ၊ စုကနိုင်းကျေးရွာ၊ ငွေးချောင်းကျေးရွာတို့အား သွားရောက်ပြီး လေဘေးသင့်ပြည်သူများအတွက် ကြက်သွန်အချိန် ပိဿာ ၂၄၀၀၊ ပဲထောပတ် ပိဿာ ၃၀၀၀၊ အသင့်စားသုံးနိုင်သော ငါးပိကြော် ၂၅ ကျပ်သား ထုပ် ၂၄၀၀၊ အဝတ်အထည်မျိုးစုံ ၅၀၀နှင့် ငွေကျပ် နှစ်သိန်းအပါအဝင် စုစုပေါင်း တန်ဖိုးငွေကျပ် ၄၇ သိန်းတို့ကို လေဘေးသင့်ပြည်သူများထံ လက်ရောက် လှူဒါန်းခဲ့ကြသည်။ (က-ပ)

မေလအတွင်း ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများ

နေပြည်တော် ဇွန် ၁၅

၂၀၀၈ခုနှစ် မေလတွင် တပ်မတော်၊မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အကောက်ခွန် ဦးစီးဌာနတို့မှ မူးယစ်ဆေးဝါးအမှုပေါင်း ၁၅၈ မှ ဖမ်းဆီးနိုင်ခဲ့ပြီး ဘိန်း ၃၆ မှု အလေးချိန်၇၆ ဒသမ ၇၇၉၃ကီလို၊ ဘိန်းဖြူမှု ၅၀ အလေးချိန် ၁ ဒသမ ၁၉၅ ကီလို၊ ဘိန်းဆီငါးမှု အလေးချိန် ဒသမ ၂၀၇၂ ကီလို၊ အဆင့်နိမ့်ဘိန်း ၁၆ မှု အလေးချိန်၃ဒသမ၂၃၅၇ကီလို၊ ဆေးခြောက်လေးမှု၊ အလေးချိန် ၃ ဒသမ ၄၃၂၈ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၃၃ မှု ၉၃၈၆၇ ပြား၊ဘိန်းစာမှုနှံ့ ကိုးမှု အလေးချိန် ၆၁ ဒသမ ၅၆၅၈ ကီလို၊ အက်တက်စီဆေးပြားတစ်မှု ၃၉ ပြား၊ အိုက်စ် တစ်မှု အလေးချိန် ၅ ဒသမ ၉၀၀၃ ကီလို၊ ဇိုလန်ဆေးပြား ၁ မှု၊ ၂ပြား၊ အခြားအမှုနှစ်မှု ဖမ်းဆီးရမိခဲ့သည်။

၂၀၀၈ ခုနှစ် မေလတွင် အမှုပေါင်း ၁၅၈ မှု ဖမ်းဆီးခဲ့ရာတွင် တရားခံကျား ၂၀၁ ဦး၊ မ ၄၄ ဦး စုစုပေါင်း တရားခံ ၂၄၅ ဦးတို့အား ဥပဒေအရ အရေးယူခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

*ရှေ့ဖုံးမှ

ကျွန်းပျိုးပင်ပေါက် အပင် ၂၀၀၀ အား စိုက်ပျိုးနေကြသည်ကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ထို့နောက် ရန်ကုန်တောင်ပိုင်းခရိုင်၌ မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတော် အခမ်းအနားကို နံနက် ၈ နာရီတွင် သန်လျင်မြို့နယ်ရှိ ဒဂုံတံတားချဉ်းကပ်လမ်း၌ ကျင်းပရာ ရှေးဦးစွာ ရန်ကုန်တိုင်းသစ်တောဦးစီးဌာန တိုင်းဦးစီးမှူး ဦးခင်ဝင်းက ရန်ကုန်တိုင်းအတွင်း မိုးရာသီသစ်ပင်များ စိုက်ပျိုးသွားမည့် အစီအစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ သန်လျင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ ဦးဘိုထွန်းက မြို့နယ်အတွင်း မိုးရာသီသစ်ပင်စိုက်ပျိုးမည့် အစီအစဉ်နှင့် ခြံစည်းရိုးကြက်ဆူပင် အစားထိုး စိုက်ပျိုးမည့် အစီအစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက ရပ်ကွက်နှင့် ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများထံ ပျိုးပင်များကို ပေးအပ်သည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း၊ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်မာမာဝေတို့က ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့ဝင် များထံ ပျိုးပင်များ ပေးအပ်ကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက ခရေပင်ကို စိုက်ပျိုးပေးသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း၊ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်မာမာဝေတို့က ပျိုးပင်များကို စိုက်ပျိုးပေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များသည် ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များက ဒဂုံတံတားနှင့် သန်လျင်-သုံးခွ ကားလမ်းကြား ဒဂုံတံတားချဉ်းကပ်လမ်းတစ်လျှောက်၌ စိန်ပန်း၊ ခရေ၊ စားတမာ၊ မန်ကျည်းနှင့် ပျဉ်းမပျိုးပင် အပင် ၅၀၀၀ ကို စိုက်ပျိုးနေကြသည်ကို လှည့်လည်ကြည့်ရှု အားပေးကြသည်။

ထို့နောက် ရန်ကုန်အနောက်ပိုင်းခရိုင်၌ မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတော် အခမ်းအနားကို နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ပြည်လမ်း ရန်ကုန်တက္ကသိုလ် စိန်ရတုခန်းမ ရှေ့၌ ကျင်းပရာ ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက မြို့နယ်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများထံ ပျိုးပင်များပေးအပ်သည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း၊ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်မာမာဝေတို့က ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့ဝင် များထံ ပျိုးပင်များ ပေးအပ်ကြသည်။

ယင်းနောက်ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက ကံ့ကော်ပင်ကို စိုက်ပျိုး ပေးသည်။

ဆက်လက်၍ တိုင်းမှူး၊ ရန်ကုန်မြို့တော်ဝန်နှင့် ရန်ကုန်တိုင်း အမျိုး သမီးရေးရာအဖွဲ့ နာယကတို့က ပျိုးပင်များကို စိုက်ပျိုးပေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များသည် ဌာန ဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့ဝင် များက စိန်ရတုခန်းမဝင်းအတွင်းနှင့် စိန်ရတုခန်းမရှေ့ ပြည်လမ်းမတစ်လျှောက်တွင် စားတမာ၊ ပျဉ်းမ၊ စိန်ပန်း၊ မဟော်ဂနီ၊ ခရေနှင့် မန်ကျည်းပျိုးပင် အပင် ၃၀၀ ကို စိုက်ပျိုးနေကြသည်ကို လှည့်လည်ကြည့်ရှု အားပေးကြသည်။

ရန်ကုန်တိုင်း သစ်တောဦးစီးဌာနအနေဖြင့် ယခုနှစ် မိုးရာသီတွင် လှည်းကူးမြို့နယ်၊ မှော်ဘီမြို့နယ်နှင့် တိုက်ကြီးမြို့နယ်များရှိ သစ်တောကြိုးဝိုင်း များအတွင်း စီးပွားရေးစိုက်ခင်းအနေဖြင့် ကျွန်းစိုက်ခင်း ဧက ၁၅၀၀ နှင့် ဆည်နှင့် ရေလှောင်တမံများ၏ ရေဝေရေလဲနေရာများတွင် ရေဝေရေလဲ စိုက်ခင်း ဧက ၁၂၀၀ စုစုပေါင်း ဧက ၂၇၀၀ ကို မေလ ပထမပတ်မှစ၍ စတင် စိုက်ပျိုးလျက်ရှိပြီး ရန်ကုန်တိုင်း ယခုနှစ်မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲအတွက် ရန်ကုန်အရှေ့ပိုင်းခရိုင်သို့ ပျိုးပင် အပင် ၈၁၀၀၀၊ ရန်ကုန်အနောက်ပိုင်းခရိုင် သို့ ပျိုးပင် အပင် ၅၃၀၀၀၊ ရန်ကုန်တောင်ပိုင်းခရိုင်သို့ ပျိုးပင် အပင် ၁၉၇၀၀၀ နှင့် ရန်ကုန်မြောက်ပိုင်းခရိုင်သို့ ပျိုးပင် အပင် ၃၂၅၀၀၀ ဖြန့်ဝေသွားမည် ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ဖျာပုံ၊ ဘိုကလေး၊ မော်လမြိုင်ကျွန်းနှင့် လပွတ္တာမြို့များသို့ “တ” အမျိုးအစား ဆိပ်ခံတွဲအသစ်များ ပို့ဆောင်

ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ဦးဆောင်ညွှန်ကြားရေးမှူးဦးစိုးတင့် ဧရာဝတီတိုင်း မော်လမြိုင်ကျွန်းမြို့နယ် ဆိပ်ကမ်းတွင် မြစ်ဝကျွန်းပေါ်ဒေသရှိ လေဘေးသင့်ဒေသများ၏ လိုအပ်ချက်နှင့် လိုက်လျောညီထွေစွာ ပြုပြင်တည်ဆောက်ထားသည့် “တ”အမျိုးအစား ဆိပ်ခံတွဲအသစ်ကိုကြည့်ရှုစစ်ဆေးစဉ်။

(ပို့ဆောင်ရေး)

ရန်ကုန် ဇွန် ၁၅

ပြည်တွင်း ရေကြောင်းပို့ဆောင်ရေး ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးတင့်သည် ဌာနမှူးများ လိုက်ပါလျက် ဇွန် ၁၀ ရက် မွန်းလွဲပိုင်းတွင် ဌာနပိုင် ဗလရာဇာရေယာဉ်ဖြင့် အလုံသင်္ဘောကျင်းနှင့် ဒလ သင်္ဘောကျင်းတို့၌ အသစ်တည်ဆောက် ပြီးစီးသွားသည့် “တ”အမျိုး အစား ဆိပ်ခံတွဲအသစ်များကို လေဘေးသင့်သည့် ဧရာဝတီတိုင်း အတွင်းရှိ ဖျာပုံ၊ ဘိုကလေး၊ မော်လမြိုင်ကျွန်းမြို့များသို့ ပို့ဆောင်ရန် ရေယာဉ်စုများဖြင့် ထွက်ခွာခဲ့ရာ ဧရာဝတီတိုင်း ကျိုက်လတ်မြို့သို့ ရောက်ရှိကြပြီး ပြည်တွင်းရေကြောင်းပို့ဆောင်ရေး မြို့နယ်မန်နေဂျာ ရုံး၌ လေဘေးသင့်သည့်ဌာနမှ ဝန်ထမ်းများအားတွေ့ဆုံ၍ လိုအပ်သည် များ ကူညီပံ့ပိုးဆောင်ရွက်ပေးပြီး ဆက်လက်ထွက်ခွာရာ ညပိုင်းတွင် ဖျာပုံမြို့သို့ ရောက်ရှိသည်။

ဦးဆောင်ညွှန်ကြားရေးမှူးသည် ဇွန် ၁၁ ရက် နံနက်ပိုင်းတွင် ဖျာပုံ ဆိပ်ကမ်းနှင့် ဖျာပုံမြို့နယ် မန်နေဂျာ ရုံးအဆောက်အအုံ ပျက်စီးမှု အခြေ အနေ၊ ဆိပ်ခံတံတားများ ကျိုးပဲ့ ပျက်စီးနေမှု အခြေအနေ၊ နစ်မြုပ်နေ သည့် “မင်းလှ” ရေယာဉ်ကို ရေငုပ် ကိရိယာဖြင့် ရှာဖွေခြင်း၊ ဆိပ်ကမ်း အသစ်အတွက်ရေကြောင်းတိုင်းတာ ခြင်းတို့ကို သွားရောက်ကြည့်ရှုစစ် ဆေးသည်။ ထို့နောက် ဦးဆောင် ညွှန်ကြားရေးမှူးသည် ဖျာပုံမြို့ရှိ အမှတ်(၆၆) ခြေမြန်တပ်မဌာနချုပ် တပ်မမှူး ဗိုလ်မှူးချုပ် မောင်မောင် အေးနှင့် တာဝန်ရှိသူများအား သွား ရောက်တွေ့ဆုံ၍ လုပ်ငန်းဆောင် ရွက်ထားရှိမှု အခြေအနေများကို ဆွေးနွေးတင်ပြသည်။

ဖြည့်ဆည်းဆောင်ရွက်ပေး

ယင်းနောက် ဦးဆောင်ညွှန်ကြား ရေးမှူးသည် ဖျာပုံမြို့ “တတိုင်းမွှေး” ဆေးရုံသင်္ဘောရှိ အထူးကု ဆရာဝန် ကြီးများနှင့် ရေယာဉ်ဝန်ထမ်းများ အားတွေ့ဆုံပြီး လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။ မွန်းလွဲပိုင်းတွင် တပ်မမှူးနှင့် ဦးဆောင်ညွှန်ကြားရေးမှူးတို့သည် “တ”အမျိုးအစား ဆိပ်ခံတွဲအသစ် နှင့် ဟွန်ဒါအင်ဂျင်စက်တပ် ဖိုင်ဘာ လှေ၊ ဆိပ်ကမ်းတံတားအခြေအနေ နှင့် ရုံးပျက်စီးနေမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးကြပြီး အမျိုးသား သဘာဝဘေးကာကွယ်စောင့်ရှောက် ရေး ဗဟိုကော်မတီမှ ပေးပို့သည့် ဟွန်ဒါအင်ဂျင်စက်တပ် ဖိုင်ဘာလှေ တို့ကို တာဝန်ရှိသူများထံ လွှဲပြောင်း ပေးအပ်ပြီး ညပိုင်းတွင် ဘိုကလေးမြို့ သို့ ရောက်ရှိကြသည်။

ဦးဆောင်ညွှန်ကြားရေးမှူး သည် ဇွန် ၁၂ ရက်တွင် ဘိုကလေးမြို့ “တိုင်းအေး” ဆေးရုံသင်္ဘောပေါ်သို့ သွားရောက်၍ အထူးကုဆရာဝန် ကြီးများအဖွဲ့နှင့် ရေယာဉ်ဝန်ထမ်း များအား တွေ့ဆုံပြီး လိုအပ်သည် များ ဖြည့်ဆည်းဆောင်ရွက်ပေး သည်။

ထို့နောက် မွန်းလွဲပိုင်းတွင် ဦးဆောင်ညွှန်ကြားရေးမှူးသည် အမျိုးသားသဘာဝဘေး ကာကွယ် စောင့်ရှောက်ရေး ဗဟိုကော်မတီမှ ပေးပို့သည့် ဟွန်ဒါအင်ဂျင်စက်တပ် ဖိုင်ဘာလှေများကို တာဝန်ရှိသူများ ထံ လွှဲပြောင်းပေးအပ်ပြီး မော်လမြိုင် ကျွန်းမြို့သို့ ရောက်ရှိကြသည်။

ဦးဆောင်ညွှန်ကြားရေးမှူးသည် ဇွန် ၁၃ ရက်တွင် မော်လမြိုင်ကျွန်း လေဘေး ကယ်ဆယ်ရေးစခန်း၌ တာဝန်ရှိသူများအား သွားရောက် တွေ့ဆုံပြီး မော်လမြိုင်ကျွန်းဆိပ်ခံ တွဲဟောင်း နစ်မြုပ်နေမှု အခြေအနေ၊ ဆိပ်ကမ်းတံတားနှင့် ရုံးအဆောက် အအုံ အခြေအနေ၊ နစ်မြုပ်နေသည့် ဆိပ်ခံတွဲကို ပြန်လည်ဖော်ယူနေမှု အခြေအနေ၊ ဖော်ယူပြီးပါက ဆိပ်ခံ တွဲအသစ်အား အစားထိုး ပြန်လည် နေရာချထားမှု အခြေအနေတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဦးဆောင်ညွှန် ကြားရေးမှူးသည် “ပပဝင်း” ဆေးရုံ သင်္ဘောပေါ်သို့သွားရောက်၍အထူးကု ဆရာဝန်ကြီးများအဖွဲ့နှင့် ရေယာဉ် ဝန်ထမ်းများအား တွေ့ဆုံပြီး လိုအပ် သည်များ ဖြည့်ဆည်းဆောင်ရွက် ပေးသည်။ အလားတူ လပွတ္တာမြို့ အတွက် “တ”အမျိုးအစား ဆိပ်ခံတွဲ အသစ်ကို “ဆင်ဟိုင်း-၄” ရေယာဉ် ဖြင့် ဆက်လက်ပို့ဆောင်ပေးသည်။

ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုး တင့်သည် ခရီးစဉ်အတွင်း ဧရာဝတီ တိုင်းအတွင်းရှိ ဖျာပုံ၊ ဘိုကလေး၊ မော်လမြိုင်ကျွန်းမြို့ပေါ် ရပ်ကွက်နှင့် လေဘေးသင့်သည့် ကျေးရွာများ၊ ပရဟိတ ဘုန်းတော်ကြီးကျောင်းများ ကို ဆန်၊ အဝတ်အထည်များ၊ သက်န်းနှင့် ကျောင်းသုံးဗလာစာအုပ် များ၊ အလှူငွေများ ထောက်ပံ့ပေး အပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၆-၆-၂၀၀၈ (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀	၁။ မြဝတီအဖွင့်
၇း၀၅	၂။ အဖွင့်သီချင်း
၇း၁၀	၃။ မျိုးချစ်တပ်မတော်
၇း၂၀	၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အစီအစဉ်
၇း၅၀	၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၈။ အမျိုးသားရေး တေးကဗျာ
၈း၀၀	၉။ မြဝတီရုပ်မြင်သံကြား သတင်း
၈း၁၀	၁၀။ အမျိုးသားရေး တေးကဗျာ
၈း၁၅	၁၁။ အပိတ်နှုတ်ဆက်စကား
၈း၁၆	၁၂။ ပြီးပါပြီ။

ညပိုင်း

၄း၀၀	၁။ မြဝတီအဖွင့်
၄း၀၅	၂။ အဖွင့်သီချင်း
၄း၁၅	၃။ အမျိုးသားရေး တေးကဗျာ
၄း၂၀	၄။ ချိုမြလက်သံ ငြိမ့်ညောင်းဟန်
၄း၃၀	၅။ ရင်မှာစွဲလမ်း တော်ဝင်ပန်း
၄း၄၅	၆။ မျိုးချစ်တပ်မတော်
၄း၅၀	၇။ ကြည်နူးရွှင်ပျော်တေး သရုပ်ဖော်
၅း၂၀	၈။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အစီအစဉ်
၅း၃၀	၉။ ဗွီစီဒီကျော်ကြားတေးများ
၅း၄၀	၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀	၁၁။ မြဝတီရုပ်မြင်သံကြား သတင်း
၆း၁၀	၁၂။ နိုင်ငံတကာသတင်း
၆း၂၀	၁၃။ အမျိုးသားရေး တေးကဗျာ
၆း၃၅	၁၄။ လျှပ်တစ်ပြက်
၇း၀၀	၁၅။ **ရသစုံလင်ရုပ်မြင် ဇာတ်လမ်း ပျော်ရွှင်ပါစေ အပိုင်း(၃၄)**
၈း၀၀	၁၆။ မြဝတီရုပ်မြင်သံကြား သတင်း
	၁၇။ မိုးလေဝသသတင်း
	၁၈။ အမျိုးသားရေး တေးကဗျာ
	၁၉။ မေးမြန်းစူးစမ်း
	၂၀။ သီဆိုဖြေဖျော် တစ်ကိုယ်တော်
	၂၁။ ယနေ့ညအတွက်မြဝတီ ၏ တေးလက်ဆောင်
	၂၂။ **ရသစုံလင်ရုပ်မြင် ဇာတ်လမ်း - သွေးသစ္စာအား အပိုင်း(၂၉)**
	၂၃။ သင့်အတွက်မနက်ဖြန်
	၂၄။ အပိတ်နှုတ်ဆက်စကား
	၂၅။ ပြီးပါပြီ။

နိုင်ငံတကာမှ ထောက်ပံ့ရေးပစ္စည်းများ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဆက်လက်ရောက်ရှိ

ရန်ကုန် ဇွန် ၁၅

မုန်တိုင်းတိုက်ခတ်မှုကြောင့်ပျက်စီး ဆုံးရှုံးခဲ့သည့် ဒေသများအတွက် နိုင်ငံတကာမှ ထောက်ပံ့ရေးပစ္စည်း များ ပေးပို့လျက်ရှိကြရာ ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီး ရုံး (UNHCR)မှ လှူဒါန်းသော ပလတ်စတစ်စများ စုစုပေါင်း ၄၀ ဒသမ ၄ တန်သည် ဘိုးရင်း ၇၀၇ လေယာဉ်ဖြင့် ယနေ့ နံနက် ၇ နာရီခွဲ တွင်လည်းကောင်း၊ ထိုင်းနိုင်ငံအခြေ စိုက် ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ် (WFP)မှ လှူဒါန်းသော ခြင်ထောင် ၇၂၈ ထုပ်၊ ဘီစကစ် ၁၆၆၇ ပါကင်၊ ကျောင်းသုံးပစ္စည်း ခုနစ်သေတ္တာ၊ အင်ဂျင်ဝိုင်များ စုစု ပေါင်း ၆၃ ဒသမ ၇၄၅ တန်သည် IL-76 လေယာဉ်သုံးစင်းဖြင့် နံနက် ၈ နာရီ ၅၅ မိနစ်၊ မွန်းလွဲ ၁၂ နာရီ ၄၅မိနစ်နှင့် မွန်းလွဲ ၂နာရီ ၄၅မိနစ် တို့တွင်လည်းကောင်း၊ အမေရိကန် ပြည်ထောင်စုမှ လှူဒါန်းသော မိုးကာ တဲကြီး ရှစ်လုံး၊ ရေသန့်ဘူး ၄၆၄ ပါကင်၊ ပလတ်စတစ်ရေပုံး ၈၂၁၄ လုံး၊ ကြိုးခွေပါကင် ၆၀၀၊ ပလတ် စတစ်စ ၄၀၄၀ ထုပ်၊ မျက်နှာသုတ် ပဝါ ၅၀၀၀၊ သွားတိုက်တံနှင့် ဆပ်ပြာ ၂၁၅၀ စုစုပေါင်း ၂၅ ဒသမ ၈၉ တန် သည် C-130 လေယာဉ်ငါးစင်းဖြင့် နံနက် ၉ နာရီ ၁၅ မိနစ်၊ နံနက် ၉ နာရီခွဲ၊ နံနက် ၁၀ နာရီ၊ နံနက် ၁၀ နာရီ ၄၄ မိနစ်နှင့် ညနေ ၃နာရီ မိနစ် ၅၀ တို့တွင်လည်းကောင်း၊ အပြည် ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီ အသင်းမှ လှူဒါန်းသော တစ်ကိုယ် ရေ ကျန်းမာရေးသုံးပစ္စည်း ပါကင် ၂၀၀၀၀၊ ပလတ်စတစ်ရေပုံး ပါကင် ၁၀၀၀၀၊ တာပေါ်လင်စ ပါကင် ၁၀၀၀၀ စုစုပေါင်း ၈၈ တန်သည် ဘိုးရင်း-၇၄၇ လေယာဉ်ဖြင့် မွန်းလွဲ ၁၂နာရီ ၂၅မိနစ်တွင် လည်းကောင်း၊ ဆွစ်ဇာလန်နိုင်ငံအခြေစိုက်နယ်စည်း မခြား ဆရာဝန်များအဖွဲ့မှ လှူဒါန်း သော ပလတ်စတစ်ရေပုံး ၄၁၇ ပါကင် စုစုပေါင်း ၈ ဒသမ ၁၉၅ တန် သည် IL-76 လေယာဉ်ဖြင့် မွန်းလွဲ ၁၂နာရီ ၅၅မိနစ်တွင်လည်းကောင်း ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် သို့ ရောက်ရှိလာကြသည်။

(သတင်းစဉ်)

ပညာရေးဝန်ကြီးဌာန
အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်)
ရန်ကုန်အဝေးသင်တက္ကသိုလ်
e-Education Learning Centre သင်ခန်းစာထုတ်လွှင့်မည့် အစီအစဉ်

(တနင်္လာမှ သောကြာ) - ၈း၀၀ နာရီမှ ၁၀း၀၀ နာရီထိ
(စနေ၊ တနင်္ဂနွေ) - ၈း၀၀ နာရီမှ ၁၂း၃၀ နာရီထိ

၁၆. ၆. ၂၀၀၈ (တနင်္လာနေ့)

* Research Methodology (3) + (4)
- တက္ကသိုလ်ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာပို့ချလျက်ရှိသော ဆရာ/ဆရာမများ

Psycholinguistics (1) + (2)
- တက္ကသိုလ်ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာပို့ချလျက်ရှိသော ဆရာ/ဆရာမများ

၁၇. ၆. ၂၀၀၈ (အင်္ဂါနေ့)

* Teaching Business English (1,2)
- တက္ကသိုလ်ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာပို့ချလျက်ရှိသော ဆရာ/ဆရာမများ

Teaching Business English (3)
- တက္ကသိုလ်ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာပို့ချလျက်ရှိသော ဆရာ/ ဆရာမများ

၁၈. ၆. ၂၀၀၈(ဗုဒ္ဓဟူးနေ့)

* Psycholinguistics (3,4,5)
- တက္ကသိုလ်ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာပို့ချလျက်ရှိသော ဆရာ/ဆရာမများ

Error Analysis (1,2,3)
- တက္ကသိုလ်ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာပို့ချလျက်ရှိသော ဆရာ/ ဆရာမများ

၁၉. ၆. ၂၀၀၈(ကြာသပတေးနေ့)

* Teaching Literature as Resource in Language Classrooms
- တက္ကသိုလ်ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာပို့ချလျက်ရှိသော ဆရာ/ဆရာမများ

Promoting Reading skills
- တက္ကသိုလ်ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာပို့ချလျက်ရှိသော ဆရာ/ ဆရာမများ

၂၀. ၆. ၂၀၀၈(သောကြာနေ့)

* Teaching Listening Skills
- တက္ကသိုလ်ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာပို့ချလျက်ရှိသော ဆရာ/ဆရာမများ

Developing Speaking Skills
- တက္ကသိုလ်ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာပို့ချလျက်ရှိသော ဆရာ/ဆရာမများ

Developing Reading Skills
- တက္ကသိုလ်ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာပို့ချလျက်ရှိသော ဆရာ/ ဆရာမများ

၂၁-၆-၂၀၀၈(စနေနေ့)

* ဘာသာဆောင်းပါးလာ ဥပမာစကားနှင့် မွေးစားစကားလုံးများအကြောင်း
- ဒုတိယနှစ် မြန်မာစာအထူးပြု ကျောင်းသား/သူများ

* မွေ့နွှန်းရကန်မှ စာဆိုရွှေတောင်နန္ဒသူ၏အရေးအဖွဲ့စွမ်းရည်
- ဒုတိယနှစ် မြန်မာစာအထူးပြု ကျောင်းသား/သူများ

* ဝေါဟာရတ္ထပကာသနီ
- ဒုတိယနှစ် မြန်မာစာအထူးပြု ကျောင်းသား/သူများ

* ရွှေပြည်စိုးဝတ္ထုမှ ဇာတ်ဆောင်စရိုက်
- ဒုတိယနှစ် မြန်မာစာ အထူးပြု ကျောင်းသား/သူများ

* မြန်မာရသစကားပြေ
- ဒုတိယနှစ် ရသစာပေ အရေးအသားအထူးပြု ကျောင်းသား/သူများ

* ဆရာဇော်ဂျီ၏ ပန်းပန်လျက်ပဲကဗျာနှင့်စွမ်းရည်အလှကဗျာတို့မှ ရသမြောက်ကဗျာအတွေးအရေး
- ဒုတိယနှစ် ရသစာပေ အရေးအသား အထူးပြု ကျောင်းသား/သူများ

* မြန်မာစာဂုဏ်ထူး ပထမယူသူ
- ဒုတိယနှစ် မြန်မာစာအထူးပြု ကျောင်းသား/သူများ

၂၂-၆-၂၀၀၈ (တနင်္ဂနွေနေ့)

* နေရီရိဝတ္ထု
- တတိယနှစ် မြန်မာစာအထူးပြု ကျောင်းသား/သူများ

* မင်းအနန္တသူ(လေးမျက်နှာဘုရား)ကျောက်စာ
- တတိယနှစ် မြန်မာစာအထူးပြု ကျောင်းသား/သူများ

* ကိုးခန်းပျို့လာ ရှင်မဟာရဋ္ဌသာရ၏ အရေးအဖွဲ့ စွမ်းရည်
- တတိယနှစ် မြန်မာစာအထူးပြု ကျောင်းသား/သူများ

* သဒ္ဒဗေဒ
- တတိယနှစ် မြန်မာစာအထူးပြု ကျောင်းသား/သူများ

* ဘာသာဗေဒရှုထောင့်မှ စကားလုံးလေ့လာချက်
- တတိယနှစ် မြန်မာစာအထူးပြု ကျောင်းသား/သူများ

* အိန္ဒိယစာပေသမိုင်း
- တတိယနှစ် မြန်မာစာအထူးပြု ကျောင်းသား/သူများ

* စာဆိုနဝဒေးကြီး၏ မြစ်ရတုလျှင်
- တတိယနှစ် မြန်မာစာအထူးပြု ကျောင်းသား/သူများ

မုန်တိုင်းသင့်ပြည်သူများအတွက် ပြည်နယ်နှင့် တိုင်းအသီးသီးမှ ငွေနှင့် ထောက်ပံ့ရေးပစ္စည်းများ ဆက်လက်ပေးပို့လှူဒါန်း

နေပြည်တော် ဇွန် ၁၅

မုန်တိုင်းသင့်ပြည်သူများအတွက် ပြည်နယ်နှင့်တိုင်းအသီးသီးမှ ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များ၊ စေတနာရှင် ပြည်သူများနှင့် တပ်မတော်သားမိသားစုများက အမျိုးသားရေးစိတ်ဓာတ်အရင်းခံဖြင့် ထောက်ပံ့ငွေနှင့် ပစ္စည်းများကို ဆက်လက်ပေးပို့လှူဒါန်းလျက်ရှိရာ စစ်ကိုင်းတိုင်းမှ စေတနာရှင်ပြည်သူများနှင့် တပ်မတော်သား မိသားစုများက ငွေကျပ် ၂၇၃၈၈၂၀၀ တန်ဖိုးရှိ လက်တွန်းထွန်စက် ၁၀စီးနှင့် လူသုံးကုန်ပစ္စည်းမျိုးစုံတို့ကို ပေးအပ်လှူဒါန်းပြီး ဘဏ္ဍာငွေလက်ခံရေးနှင့် ထုတ်ပေးရေး ဆပ်ကော်မတီသို့လာရောက်လှူဒါန်းငွေကျပ်တစ်သိန်း အပါအဝင် စေတနာရှင်ပြည်သူများ၏ ယနေ့လှူဒါန်းသည့် ငွေနှင့် ထောက်ပံ့ရေးပစ္စည်း စုစုပေါင်းတန်ဖိုးမှာ ငွေကျပ် ၂၇၄၉၄၉၀၀ ဖြစ်ရာ ဇွန် ၁၅ ရက်အထိ လှူဒါန်းသည့် ငွေနှင့် ထောက်ပံ့ရေးပစ္စည်း စုစုပေါင်းတန်ဖိုးမှာ ငွေ ၁၂၄၁၈၃၈၇၈၉၆ ကျပ် ရှိပြီဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် (ရန်ကုန်တိုင်း တာဝန်ခံ)၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း စာရေးစားပွဲနှင့် ထိုင်ခုံတွဲလျက် အစုံ ၅၀ လှူဒါန်းစဉ်။ (၁၉)

မော်လမြိုင်ကျွန်းမြို့နယ်အတွင်း ရေယာဉ်များ ပုံမှန်ပြေးဆွဲလျက်ရှိ

ရန်ကုန် ဇွန် ၁၅

မော်လမြိုင်ကျွန်း မြို့နယ်တွင် လေဘေးဒဏ်ခံရပြီးနောက် ယမန်နေ့အထိနေ့စဉ် ရေယာဉ်အစင်း ၁၀၀၀ ခန့် ပြန်လည်ပြေးဆွဲနေပြီဖြစ်ကြောင်း မော်လမြိုင်ကျွန်းမြို့နယ် မြင်းကောင်ရေ ၂၀အောက် ရေယာဉ်ပိုင်ရှင်များအသင်း ဥက္ကဋ္ဌ ဦးနီက ပြောကြားသည်။

မော်လမြိုင်ကျွန်းမြို့နယ် အတွင်းရှိ ကျေးရွာများသို့ ပြေးဆွဲနေသည့် ရေယာဉ်လိုင်းပေါင်း ၁၂၀ ခန့်ရှိရာ ယခုအခါ ခရီးစဉ်လိုင်းအားလုံးနီးပါး ပြန်လည်ပြေးဆွဲနေပြီး ကျေးရွာများမှ ခရီးသည်များနှင့် ကုန်ပစ္စည်းများကို ပုံမှန်သယ်ယူပြေးဆွဲနေပြီ ဖြစ်သည်။

ထို့ပြင် မော်လမြိုင်ကျွန်းမြို့နယ် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းကော်မတီနှင့် ပူးပေါင်းကာ မြို့နယ်အတွင်းရှိ ကျေးရွာများသို့ ပြန်လည်ထူထောင်ရေးပစ္စည်းများကိုလည်း သယ်ယူပို့ဆောင်ပေးလျက်ရှိကြောင်း သိရှိရသည်။ (သတင်းစဉ်)

စာသင်ခုံများ ပေးအပ်လှူဒါန်း

ရန်ကုန် ဇွန် ၁၅

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် (ရန်ကုန်တိုင်းတာဝန်ခံ)၊မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းသည် ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ် အမှတ်(၃) အခြေခံပညာ အလယ်တန်းကျောင်း(တွဲဖက်အထက)သို့ စာသင်ခုံများ လှူဒါန်းသည့် အခမ်းအနားသို့ တက်ရောက်အားပေးပြီး စာသင်ခုံများ ပေးအပ်လှူဒါန်းသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအေးမြင့်၊ တွဲဖက်အတွင်းရေးမှူး ဦးသာဝင်း၊ ခရိုင်နှင့် မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များ၊ မြို့နယ်ပညာရေးမှူးနှင့် ကျောင်းအုပ်ဆရာမကြီး၊ ဆရာမများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျောင်းသားမိဘများ၊ ကျောင်းသားကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဗဟိုအလုပ်အမှုဆောင် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက စာသင်ခုံများ လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ အမှာစကားပြောကြားပြီး စာရေးစားပွဲနှင့် ထိုင်ခုံတွဲလျက် စာသင်ခုံ အစုံ ၅၀ ကို ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်သူဇာက လက်ခံယူသည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင်ထံ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် အဆိုပြုလွှာ အစောင် ၃၀၀ ကို ပေးအပ်ရာ ဗဟိုအလုပ်အမှုဆောင်က လက်ခံရယူသည်။

အဆိုပါ အမှတ်(၃)အခြေခံပညာ အလယ်တန်းကျောင်း (တွဲဖက်အထက)တွင် လိုအပ်နေသော စာရေးစားပွဲနှင့် ထိုင်ခုံတွဲလျက် စာသင်ခုံများကို ဆက်လက်လှူဒါန်းသွားမည့်အပြင် အလျားပေ ၁၆၀ နှင့် အနံပေ ၃၀ ရှိ Steel Structure အမျိုးအစား နှစ်ထပ်ကျောင်းအဆောက်အအုံ တစ်လုံးကိုလည်း ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ဆက်လက် လှူဒါန်းသွားမည်ဖြစ်သည်။ (၁၉)

ဗိုလ်တထောင်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ နှစ်ပတ်လည်အစည်းအဝေးနှင့် သက်ကြီးပူဇော်ပွဲ ကျင်းပ

ရန်ကုန် ဇွန် ၁၅

ဗိုလ်တထောင်မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့၏ ၂၀၀၇ ခုနှစ် လုပ်ငန်းဆိုင်ရာ နှစ်ပတ်လည် အစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်ရှိ ဝိုင်အမ်စီအေခန်းမ၌ ကျင်းပရာ သဘာပတိ မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးကြိုင်မြင့် (မောင်ရန်ရှင်း)နှင့် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးကိုကို (ကိုကို-စက်မှုတက္ကသိုလ်)**(အပေါ်ပုံ)**တို့က အမှာစကား ပြောကြားကြသည်။

ဆက်လက်၍ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးမြင့်ဆွေ(မြင့်ဆွေမြင့်)က အလုပ်အမှုဆောင်အဖွဲ့၏ အစီရင်ခံစာနှင့် ဦးမြင့်စိုး (ကွမ်း-ပေါင်းတည်)က ဘဏ္ဍာရေးရှင်းတမ်းတို့ကို ဖတ်ကြားတင်သွင်းကြပြီး အတည်ပြုချက်ရယူသည်။

ယင်းနောက် သဘာပတိက နိဂုံးချုပ် အမှာစကား ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ ထို့နောက် မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ ရန်ပုံငွေအတွက် ဥက္ကဋ္ဌ ဦးကြိုင်မြင့်(မောင်ရန်ရှင်း)၊ ဒုတိယဥက္ကဋ္ဌ ဦးမြင့်ဆွေ(မြင့်ဆွေမြင့်)၊ ဦးအောင်သိန်းနှင့် ဇနီး ဒေါ်စန်းစန်းချို မိသားစုတို့က ငွေကျပ်တစ်သိန်းစီ အပါအဝင် အလှူငွေကျပ် ၃၃၆၅၀၀ကို တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဝင် သက်ကြီးစာပေပညာရှင် ခုနစ်ဦးတို့အား အဖွဲ့ဝင်များက အလှူငွေနှင့် ပစ္စည်းများဖြင့် ဂါရဝပြုကန်တော့ကြကြောင်းသတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၆-၆-၂၀၀၈ (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀	၁။	တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	အဆိုပြိုင်ပွဲ
၇း၅၀	၅။	ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၈း၀၀	၆။	**"HIV /AIDS" (နေတိုး၊ အိန္ဒြာကျော်ဇင်၊ ကျော်ထူး၊ သင်ဇာဝင့်ကျော်၊ ရတနာ၊ ပွင့်) (ဒါရိုက်တာ - သိန်းဟန်-ဖိုးနစ်)**
၈း၁၀	၇။	တေးဂီတအစီအစဉ်
၈း၂၀	၈။	မြူးမြူးကြွကြွယဉ်ကျေးမှုအက
၈း၃၀	၉။	International News.
၈း၄၅	၁၀။	တေးဂီတအစီအစဉ်
၉း၀၀	၁၁။	အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၄း၁၀	၂။	အကပဒေသာ
၄း၂၅	၃။	မြန်မာ့အသံခေတ်ပေါ် တေးဂီတအဖွဲ့ ဖျော်ဖြေခန်း
၄း၄၀	၄။	မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၅း၀၀	၅။	ကြေးမုံရိပ်သွင်တေးနှုယဉ်
၅း၁၅	၆။	**"တန်ဖိုး" (ညီညီနေနိုင်၊ လှိုင်ဖြူဖြူထွဏ်း) (ဒါရိုက်တာ-သက်တင်)**
၅း၂၀	၇။	ပြည်ထောင်စုတိုင်းရင်းသား ရိုးရာ တေးသံသာ
၅း၃၅	၈။	အကပြိုင်ပွဲ
၅း၄၅	၉။	ရုပ်မြင်ရသ တေးစုကဏ္ဍ ဇော်ဝင်းရှိန်
၆း၀၀	၁၀။	ညနေခင်းသတင်း
၆း၃၀	၁၁။	မိုးလေဝသအခြေအနေ
၆း၃၅	၁၂။	အလှရှာမယ် လှကမ္ဘာဝယ်
၆း၅၅	၁၃။	တေးဂီတအစီအစဉ်
၇း၀၅	၁၄။	**နိုင်ငံခြားဇာတ်လမ်းတွဲ "မာယာများနှင့် လှည့်ကွက်" (အပိုင်း-၃)**
၈း၀၀	၁၅။	ပြည်တွင်းသတင်း
	၁၆။	နိုင်ငံတကာသတင်းများ
	၁၇။	မိုးလေဝသအခြေအနေ
	၁၈။	**နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်စိတ်ကူးလေး ကောင်းရဲ့သားနဲ့" (အပိုင်း-၃)**
	၁၉။	အစီအစဉ်ပြီး၏။

ဗဟန်းမြို့နယ် ကြားတောရလမ်းရှိ မဟာဇေယျ အတုလမာရဇိန် ကြေးသွန်းဘုရားကြီးရင်ပြင်၌ ဘုရားဖူးပြည်သူများ သောက်သုံးရန်အတွက် သားလေးကျော်ဝင်းနီအား ရည်စူး၍ ဦးဗိုလ်နီ-ဒေါ်ကြည်ကြည် မိသားစု၊ ရေတာရှည်လမ်းဟောင်း ဗဟန်းမြို့နယ်က ငွေကျပ် ၆၆၀၀၀၀ တန်ဖိုးရှိ သောက်ရေသန့် စတီးတိုင်ကီတစ်လုံး လှူဒါန်းရာ ဂေါပကအဖွဲ့အတွင်းရေးမှူး ဦးမြင့်သိန်းနှင့် အဖွဲ့က လက်ခံယူစဉ်။ (က-ပ)

ပင်လယ်အော်ထဲသို့ ငါးကောင်ရေ ၃၁သန်းကျော် လွှတ်ပေး

ဘေဟိုင်း (ကွမ်စီ) ဇွန် ၁၄

တောင်တရုတ်ပင်လယ်၏ရေလက်ကြားတစ်ခုဖြစ်သော ဘေဘူပင်လယ်အော်ထဲသို့ ဂေဟစနစ်တိုးတက်လာစေရန်နှင့် ရေ၌ပေါက်ရောက် နေထိုင်ကြသော သဘာဝအရင်းအမြစ်များကို ကာကွယ်ရန်အတွက်သမုဒ္ဒရာအတွင်း၌ ကျက်စားသည့် ငါးမျိုးကောင်ရေ စုစုပေါင်း ၃၁ဒသမ ၂၈ သန်းကို ကြာသပတေးနေ့က လွှတ်ပေးခဲ့သည်။

တရုတ်နိုင်ငံ စိုက်ပျိုးရေးဝန်ကြီးဌာနနှင့်ကွမ်စီကျွမ်းဒေသတို့ ပူးပေါင်းဆောင်ရွက်ကြခြင်းဖြစ်သည်။

ဘေဘူပင်လယ်အော်သည် အစဉ်အလာအရ တရုတ်နိုင်ငံ၏အကြီးမားဆုံး ငါးဖမ်းကွက်လေးခုအနက်တစ်ခုအပါအဝင်ဖြစ်သည်။ ကွမ်စီ၊ ဂွမ်ဒေါင်းနှင့် ဟိုင်နန်ပြည်နယ်တို့၏ အဓိက ငါးဖမ်းရာနေရာလည်း ဖြစ်သည်။

ဘေဘူပင်လယ်အော်အတွင်းငါးမျိုးပြုန်းတီးမသွားစေရန် ၁၉၈၈ခုနှစ်ကလည်း ငါးကောင်ရေ သန်း ၄၀၀ ကျော်ကို လွှတ်ပေးခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

ဂျပန်နိုင်ငံမြောက်ပိုင်း မီရာဂီ စီရင်စု ကူရီဟာရာမြို့တွင် ဇွန် ၁၄ ရက်က အင်အားပြင်းငလျင်လှုပ်မှုကြောင့် ပျက်စီးသွားသည့် အိမ်တစ်လုံးကို တွေ့ရစဉ်။

(ယင်းငလျင် လှုပ်မှုကြောင့် ခြောက်ဦး သေဆုံးပြီး ၁၀၀ ကျော် ဒဏ်ရာရရှိသည်။)

(ဓာတ်ပုံ-အင်တာနက်)

စကားစစ်ထိုးပွဲ အစီအစဉ်အပေါ် အိုဘားမားနှင့်မက်ကိန်း သဘောထားကွဲလွဲ

ကိုလံဘတ်(စ်)အိုဟိုင်းယိုး ဇွန် ၁၄

အမေရိကန်ပြည်ထောင်စု အိမ်ဖြူတော်အတွက် ပြိုင်ဘက်နှစ်ဦးဖြစ်ကြသော ဘာရက်အိုဘားမားနှင့်ဂျွန်မက်ကိန်းတို့သည် မြို့တော်ခန်းမများတွင် ထိပ်တိုက်တွေ့ဆုံစကားစစ်ထိုးကြမည့် အစီအစဉ်အပေါ် သဘောထားကွဲလွဲပြီး သောကြာနေ့တွင် စကားများကြသည်။ သဘောတူညီချက် မရရှိခြင်းနှင့် ပတ်သက်၍တစ်ဖက်နှင့်တစ်ဖက် အပြစ်တင် ကြသည်။

ဒီမိုကရက်လန်ဒန်ဂျွန်ဆင်နှင့်ရီပတ်ဘလီကန်ရိုနယ်ရီဂင်တို့၏ သမ္မတ စာကြည့်တိုက် အာဏာပိုင်များက မြို့တော်ခန်းမ တစ်ခုစီတွင်ကျင်းပရန် သမ္မတလောင်း နှစ်ဦးအား ကမ်းလှမ်းသည်။

မက်ကိန်း၇၁နှစ်ကယင်းကမ်းလှမ်းချက်ကို လျင်မြန်စွာ လက်ခံခဲ့ပြီး တစ်ပတ်လျှင် တစ်ကြိမ် နွေရာသီရောက်သည့်တိုင် ဆယ်ကြိမ် တွေ့ဆုံကြရန် အိုဘားမား ၄၆ နှစ်အား ပြောကြားခဲ့သည်။

ကမ်းလှမ်း

အိုဘားမားက ရွေးကောက်ပွဲ မတိုင်မီ ငါးကြိမ်တွေ့ဆုံရန် တုံ့ပြန်ခဲ့ကြောင်း ၎င်း၏မဲဆွယ်စည်းရုံးရေး မန်နေဂျာကပြောကြားသည်။ အစဉ်အလာအရ ကျင်းပရသော သမ္မတရွေးချယ်ပွဲစကားစစ်ထိုးခြင်း သုံးကြိမ်အပြင် မြို့တော်ခန်းမတွင် စီးပွားရေးဆိုင်ရာ စကားစစ်ထိုးခြင်းကို ဇူလိုင်လတွင် တစ်ကြိမ်နှင့် ဩဂုတ်လတွင် နိုင်ငံခြားရေးမူဝါဒ စစ်ထိုးခြင်း တစ်ကြိမ် ပေါင်းငါးကြိမ် ကျင်းပရန် ဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ။

နျူကလီးယားအရေး ဘုရှ်ပြောကြားချက်ကို အီရန်တုံ့ပြန်

တီဟီရန် ဇွန် ၁၄

အီရန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ မိုဟာမက်အလီဟိုစိန်နီက အမေရိကန်သမ္မတက အီရန်နိုင်ငံ၏ တရားဝင် အခွင့်အရေးအပေါ် တစ်ဖက်သတ် ပြောကြားခြင်းသည်အီရန်နိုင်ငံ၏ငြိမ်းချမ်းစွာ နျူကလီးယားအစီအစဉ် ဆောင်ရွက်ခြင်းကို မည်သို့မျှ ပြောင်းလဲစေမှာ မဟုတ်ကြောင်း ကြာသပတေးနေ့တွင် ပြောကြားသည်။

အမေရိကန်သမ္မတ ဂျော့ဒဗလျူဘုရှ်၏မကြာမီကတာဝန်မဲ့စွာမှတ်ချက်ချခြင်းသည် အီရန်နိုင်ငံ၏ ငြိမ်းချမ်းစွာ အသုံးပြုမည့် နျူကလီးယား အစီအစဉ်အပေါ် အခြေအမြစ်မရှိ စွပ်စွဲပြောကြားရန်ကြိုးပမ်းနေသည့် အမေရိကန်အစိုးရအဖွဲ့အတွင်းမှ ရှေးရိုးစွဲအယူအဆ ရှိသူများ၏ ရန်လိုသော မူဝါဒ ဆက်လက်တည်ရှိနေခြင်းပင်ဖြစ်သည်ဟု အီရန် နိုင်ငံခြားရေးဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အမေရိကန်အစိုးရ၏ မူဝါဒကျဆုံးခြင်းသည်အီရန်ပြည်သူတို့၏ညီညွတ်မှုကို ခိုင်မာတောင့်တင်းစေသည့် အပြင်၎င်းတို့၏တရားဝင်အခွင့်အရေးကို ကာကွယ်ရန်ဆုံးဖြတ်ချက် ခိုင်မာစေသည်ဟု ဟိုစိန်နီက ပြောကြားသည်။ ထို့အပြင် အမေရိကန်တာဝန်ရှိသူများကိုလည်း နိုင်ငံတကာ စည်းမျဉ်းများကို လိုက်နာရန်နှင့် ကမ္ဘာပေါ်တွင် အထီးကျန်ခြင်း မဖြစ်ရေးရှောင်ရှားရန် တိုက်တွန်းလိုက်သည်။

ဗုဒ္ဓဟူးနေ့တွင် ဂျာမန်ဝန်ကြီးချုပ်အန်ဂျလာမာကယ်နှင့် ပူးတွဲကျင်းပသော သတင်းစာရှင်းလင်းပွဲ၌ အီရန်၏အရေးကို သံတမန် နည်းလမ်းအရ ဖြေရှင်းရန် အလေးပေးသော်လည်း အီရန်နိုင်ငံကနျူကလီးယားလက်နက်ပိုင်ဆိုင်မည့်အရေးကို ဟန့်တားရန် စစ်ရေးအရ တိုက်ခိုက်ဖွယ်ရှိကြောင်း ထပ်လောင်းပြောကြားခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

ကြေးမုံ The Mirror

နိုင်ငံတကာ သတင်းများ

တူရကီ၏ ဆက်သွယ်ရေးဂြိုဟ်တုသစ် ပြင်သစ် ဂိုင်ယာနာမှ လွှတ်တင်

အင်ကာရာ ဇွန် ၁၄

တူရကီနိုင်ငံ၏ မျိုးဆက်သစ် တာ့ခ်ဆက်-၃အေအမည်ရှိဆက်သွယ်ရေးဂြိုဟ်တုကို ဇွန်၁၂ရက်က ပြင်သစ်ဂိုင်ယာနာရှိ အခြေစိုက်စခန်းမှ လွှတ်တင်ခဲ့ကြောင်း အနာတိုလီယာသတင်းဌာနက ဖော်ပြသည်။

ထိန်းချုပ်ဆောင်ရွက်

ယင်းဂြိုဟ်တုသည် ကမ္ဘာပတ်လမ်းကြောင်းအတွင်း အရှေ့လောင်ဂျီတွဒ် ၄၂ ဒီဂရီ၌ တည်ရှိနေမည် ဖြစ်ပြီး တူရကီနိုင်ငံ မြို့တော်အင်ကာရာ အနီးရှိ ဂိုလ်ဘာစီဂြိုဟ်တု မြေပြင်စခန်းမှ ယင်းဂြိုဟ်တုကို ထိန်းချုပ်ဆောင်ရွက်မည်ဖြစ်သည်။

အစားထိုး

တာ့ခ်ဆက်-၃အေတွင် ၂၄ ကေယူ-ဘန်ပါသည့် အသံလွှင့်စက်နှင့်ရှစ်ကီလိုဝပ်ခန့် အသံလွှင့်နိုင်စွမ်း ရှိသည့်စက်များ ပါရှိသည်။ အလေးချိန် ကီလိုဂရမ် ၃၀၆၀ ရှိသည့် ယင်းဂြိုဟ်တုသည် တာ့ခ်ဆက်-၁စီ ဂြိုဟ်တုနေရာ၌ အစားထိုးမည်ဖြစ်ပြီး ဂြိုဟ်တုသို့ ဆက်သွယ်နိုင်သည့် လမ်းကြောင်းသုံးခုနှင့် မြေပြင်သို့ ဆက်သွယ်နိုင်သည့် လမ်းကြောင်း နှစ်ခုရှိသည်။

ထုတ်လွှင့်နိုင်

တာ့ခ်ဆက်-၃အေသည် တူရကီ၊ ဥရောပ၊ အရှေ့အလယ်ပိုင်း၊ မြောက်အာဖရိကနှင့် အာရှအလယ်ပိုင်းနိုင်ငံတို့သို့ ရုပ်မြင်သံကြား တိုက်ရိုက်ထုတ်လွှင့်နိုင်မည်ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

လာရောက်လည်ပတ်သူခရီးသည် ၅၄ ဦး စီချွမ်ငလျင်တွင် သေဆုံး

ချန်ဒူး ဇွန် ၁၅

တရုတ်နိုင်ငံ စီချွမ်ပြည်နယ် အနောက်တောင်ပိုင်းတွင်မေ ၁၂ရက်က ငလျင်လှုပ်ရာ ပြည်နယ်အတွင်း လာရောက်လည်ပတ်သူ ခရီးသည် ၅၄ ဦး သေဆုံးကြောင်း၊ သို့သော် သေဆုံးသူစာရင်းတွင် နိုင်ငံခြားသားများ ပါဝင်သည်ဟု ဖော်ပြမထားကြောင်း ပြည်နယ်ခရီးသွားဌာနက သောကြာနေ့တွင် ပြောကြားသည်။

ပြောကြား

ငလျင်လှုပ်မှုကြောင့် သောင်တင်နေသည့် ခရီးသွား ၁၀၆၆၈ ဦးအား လေယာဉ်အစင်း ၂၀ကျော်နှင့် ယာဉ်စီးရေ ၁၀၀ကျော်ကို အသုံးပြု၍ ဘေးကင်းရာသို့ ရွှေ့ပြောင်းပေးခဲ့ကြောင်း ပြည်နယ်ခရီးသွားဌာန အကြီးအကဲကျန်ဂူကသတင်းစာ ရှင်းလင်းပွဲ တစ်ရပ်တွင် ပြောကြားသည်။

စီချွမ်ပြည်နယ် ဒုတိယ အုပ်ချုပ်ရေးမှူးက ကိုရီးယားသမ္မတနိုင်ငံ၊ အမေရိကန်နှင့် ဩစတြေးလျနိုင်ငံတို့ အပါအဝင် နိုင်ငံပေါင်း ၁၂နိုင်ငံမှ နိုင်ငံခြားသား ၅၁၆ဦး သောင်တင်နေသည်ဟုဆို၏။

ငလျင်လှုပ်မှုကြောင့် စီချွမ်ပြည်နယ် ခရီးသွား လုပ်ငန်း၌ ယွမ်ဘီလီယံ ၅၀ ကျော် ဆုံးရှုံးခဲ့ရသည်။

အမ်အင်အေ၊ဆင်ဟွာ။

နော်ဝေမှ ငြိမ်းချမ်းရေး စေ့စပ်ရေးသမားများအား သီရိလင်္ကာအစိုးရက သူပုန်နယ်မြေသို့ ဝင်ရောက်ခွင့်မပြု

ကိုလံဘို ဇွန် ၁၄

သီရိလင်္ကာနိုင်ငံအစိုးရက နော်ဝေ ငြိမ်းချမ်းရေးစေ့စပ်ရေးသမားများ၏ သူပုန်နယ်မြေအတွင်းသို့ ဝင်ရောက်ခွင့်ပြုရန်မေတ္တာရပ်ခံချက်ကိုငြင်းပယ်လိုက်သည်။

၎င်းအပြင် ငြိမ်းချမ်းရေးဆွေးနွေးပွဲအသစ်သည် တမီလ်ကျားသူပုန်တို့ကလက်နက်ချရန်နှင့် ဆွေးနွေးပွဲစားပွဲဝိုင်းသို့ တစိုက်မတ်မတ် လာရောက်ရန် အာမခံချက်ပေးမှုအပေါ် မူတည်နေကြောင်း အစိုးရက ပြောကြားသည်။

နော်ဝေနိုင်ငံ၏ ခြောက်နှစ်ကြာ ငြိမ်းချမ်းရေးရရှိရန် ကြိုးစားနေမှု ပျက်ပြားသွားပြီးနောက် စေ့စပ်ရေးသမားများသည် သီရိလင်္ကာမှ ယခုနှစ်အတွင်း ထွက်ခွာခဲ့ကြသည်။

ယခုသီတင်းပတ်စောစောပိုင်းက သူပုန်ဘက်မှ ငြိမ်းချမ်းရေး ဆွေးနွေးပွဲ အဖွဲ့ခေါင်းဆောင်က နော်ဝေ ငြိမ်းချမ်းရေး စေ့စပ်ရေးသမားများနှင့် တိုက်ရိုက်တွေ့ဆုံဆွေးနွေးလိုကြောင်း ပြောကြားသည်။

သို့သော် အစိုးရက နော်ဝေစေ့စပ်ရေးအဖွဲ့အား ယခုအချိန်တွင် သူပုန်တို့ထိန်းချုပ်ထားသော မြောက်ပိုင်းဒေသသို့ သွားရောက်ရန် ခွင့်မပြုကြောင်း ပြောခဲ့ကြသည်။

အမ်အင်အေ၊ရိုက်တာ။

တရုတ်ကယ်ဆယ်ရေးရဟတ်ယာဉ် ပျက်ကျရာမှ လေယာဉ်အမှုထမ်းများ၏အလောင်းများ ရှာဖွေတွေ့ရှိ

စီချွမ် ဇွန် ၁၄

တရုတ်နိုင်ငံအနောက်တောင်ပိုင်းရှိ ငလျင်ဒဏ်သင့်ဒေသတွင်စစ်ဘက်ရဟတ်ယာဉ်တစ်စင်းပျက်ကျပြီးနောက် ယာဉ်ပေါ်ပါလေယာဉ်အမှုထမ်း ငါးဦး၏ အလောင်းကို သစ်တောဖုံးလွှမ်းနေသော တောင်တန်းများမှ တွေ့ရှိခဲ့ပြီး ဇွန် ၁၃ရက် နံနက်ပိုင်းက စီချွမ်ပြည်နယ်ယန်စီမြို့သို့ သယ်ဆောင်လာခဲ့သည်။

ကယ်ဆယ်ရေးအဖွဲ့များက ရဲတပ်ဖွဲ့ဝင်သုံးဦးနှင့် အရပ်သား ၁၀ဦး၏ အလောင်းကိုလည်း သယ်ဆောင်လာဆဲဖြစ်ကြောင်း စီချွမ်ပြည်နယ် စစ်ဒေသတိုင်း၏ နိုင်ငံရေးဌာန ဒုတိယညွှန်ကြားရေးမှူးက ပြောကြားသည်။

မေ ၁၂ရက်က ယန်စီမြို့မှ ၇ ဒသမ ၅ ကီလိုမီတာ အကွာကို ဗဟိုပြုပြီး ပြင်းအားအဆင့်ရှစ်ရှိ ငလျင်လှုပ်ခတ်မှု ဖြစ်ပွားရာဒေသ၌ ယင်းရဟတ်ယာဉ် ပျက်ကျခဲ့သည်။ ရဟတ်ယာဉ်ကို ၁၂ရက်ကြာ ရှာဖွေခဲ့ပြီးနောက် ဇွန်၁၀ရက်က တွေ့ရှိခဲ့သည်။ ငလျင်လှုပ်ခတ်မှုကြောင့် ဒဏ်ရာရရှိသော အရပ်သားများကို လီကျန်စီရင်စုမှချန်ဒူးမြို့သို့ရဟတ်ယာဉ်ဖြင့်သယ်ဆောင်လာစဉ်တောင်ထူထပ်သောနေရာ၌ ပျက်ကျမှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အာဖဂန်နစ္စတန်နိုင်ငံ ကဘူးမြို့တောင်ဘက် ကန်ဒါဟာမြို့ရှိ အကျဉ်းထောင်ကို တာလီဘန်တို့ တိုက်ခိုက်ခဲ့ပြီးနောက် အကျဉ်းထောင်အနီး ပျက်စီးသွားသော ဈေးဆိုင်များကို ဇွန် ၁၄ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

မုတ်သုံလေ ဆက်လက်အားကောင်းနေမည်

မြန်မာနိုင်ငံနှင့်အနီးပတ်ဝန်းကျင်နိုင်ငံများအတွက် မိုးလေဝသအခြေအနေပြမြေပုံ



ရန်ကုန် ဇွန် ၁၅

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသ တိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော၂၄နာရီအတွင်းက စစ်ကိုင်းတိုင်း အောက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ကယားပြည်နယ်နှင့် မန္တလေးတိုင်းတို့တွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ကာ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ဂွမြို့တွင် ၄ဒသမ၄၁လက်မ၊ ရေးမြို့တွင်၃ဒသမ ၆၆လက်မ၊ ဘားအံမြို့တွင် ၂ဒသမ ၆၈လက်မ၊ ကသာမြို့တွင် ၂ဒသမ ၀၈လက်မ၊ သထုံမြို့တွင် ၂ဒသမ၀၅လက်မ ၊မိုးကုတ်မြို့တွင် ၁ဒသမ ၉၆လက်မနှင့် ဖျာပုံမြို့နှင့် ပုသိမ်မြို့တို့တွင် ၁ဒသမ ၇၇လက်မစီတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းရာမှ အားအလွန်ကောင်းနေသည်။

ဇွန် ၁၆ရက် ညနေထိ ခန့်မှန်းချက်

ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာအနှံ့အပြားနှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာပြီး ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် မကြာခဏ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၄၅မိုင်မှ မိုင် ၅၀ထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မုတ်သုံလေ ဆက်လက်အားကောင်းမည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ်ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့်ရွာပြီး ခေတ္တမျှသည်းထန်နိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ်ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း၈၀ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ

အမြင့်ဆုံးအပူချိန်

၃၀ ဒသမ၇ ဒီဂရီစင်တီဂရိတ် (၈၇ ဒီဂရီဖာရင်ဟိုက်)
၁၄-၆-၂၀၀၈

အနိမ့်ဆုံးအပူချိန်

၂၁ ဒသမ ၀ ဒီဂရီစင်တီဂရိတ်(၇၀ ဒီဂရီဖာရင်ဟိုက်)
၁၅-၆-၂၀၀၈

၀၉း၃၀ နာရီအချိန် စိုထိုင်းဆ ၁၀၀ ရာခိုင်နှုန်း
၁၅-၆-၂၀၀၈

နေပူသည့်နာရီပေါင်း (၀ဒသမ၃)နာရီခန့်
၁၄-၆-၂၀၀၈

မိုးရေချိန်

ရက်စွဲ	မင်္ဂလာဒုံ	ကမ္ဘာအေး	ရန်ကုန်မြို့လယ်
၁၅-၆-၂၀၀၈	၁၀မမ(၀ဒသမ၃၉လက်မ)	၁၈မမ(၀ ဒသမ၇၁လက်မ)	၃၁မမ(၁ ဒသမ၂၂လက်မ)
၁-၁-၂၀၀၈ မှ ယနေ့အထိ	၈၉၉ မမ(၃၅ဒသမ၃၉လက်မ)	၁၀၇၄မမ (၄၂ဒသမ ၂၈လက်မ)	၁၃၈၉ မမ(၅၄ဒသမ ၆၈လက်မ)

ရန်ကုန်(ကမ္ဘာအေး)၏ အများဆုံးလေတိုက်နှုန်းမှာ ၁၄-၆-၂၀၀၈ ရက် ၁၃း၃၀ နာရီတွင် အနောက်တောင်ဘက်မှ တစ်နာရီ ၆မိုင်နှုန်း တိုက်ခတ်သည်။

ကရာတေးဒို အားကစားအဆင့်အတန်းတိုးတက်ရေး အလားအလာရှိသူများအား လေ့ကျင့်ပေးသွားမည်

ရန်ကုန် ဇွန် ၁၅

အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ မြန်မာကရာတေးဒိုအားကစား အဆင့်အတန်း တိုးတက်မြင့်မားရေးနှင့်အရှေ့တောင်အာရှအားကစားပြိုင်ပွဲအပါအဝင် အပြည်ပြည်ဆိုင်ရာ ကရာတေးဒိုပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင်နိုင်မည့် ထူးချွန်သော ကရာတေးဒို အားကစားသမားကောင်းများ ပေါ်ထွက်လာရေးအတွက် မြန်မာနိုင်ငံကရာတေးဒိုအဖွဲ့ချုပ် အနေဖြင့် အားကစားသမားများ စုစည်းရွေးချယ်ရေး စီမံချက်၊ လေ့ကျင့်ရေး စီမံချက်နှင့် အပြည်ပြည်ဆိုင်ရာ ပြိုင်ပွဲများတွင် မြန်မာကရာတေးဒို အားကစားသမားများ အောင်နိုင်ရေး စီမံချက်များ ရေးဆွဲချမှတ်ပြီး သွေးသစ်အားကစားသမားများအား ရွေးချယ်စုစည်းသွားမည်ဖြစ်သည်။

နိုင်ငံ့ဂုဏ်ဆောင်နိုင်မည့်သွေးသစ်ကရာတေးဒိုအားကစားသမားများအား ရွေးချယ်ရာတွင် ပြည်ထောင်စု မြန်မာနိုင်ငံသားဖြစ်ရမည်ဖြစ်ပြီး အသက်(၂၅)နှစ်ထက် မကျော်စေရ၊ အမျိုးသားအရပ်(၅)ပေ(၆)လက်မနှင့် အမျိုးသမီးအရပ်(၅)ပေ(၄)လက်မ အနည်းဆုံးရှိရမည်ဖြစ်ပြီး ကရာတေးဒိုအားကစားနည်းအခြေခံ ကျွမ်းကျင်မှုရှိပြီးသူများ ဖြစ်ရမည်ဖြစ်သည်။

ရွေးချယ်ခံရသော ကရာတေးဒို အားကစားသမားများအား (၃)လ စမ်းသပ်လေ့ကျင့်ပေးမည်ဖြစ်သည်။ ပြည်နယ်နှင့်တိုင်းများမှ လျှောက်ထားသူများအတွက် ခရီးစရိတ်နှင့် နေထိုင်စားသောက်စရိတ်များကို မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ်ကတာဝန်ယူ ကူညီပံ့ပိုးသွားမည်ဖြစ်သည်။ စိတ်ပါဝင်စားပြီး လေ့ကျင့်မှုများပြုလုပ်လိုသောကရာတေးဒိုအားကစားမောင်မယ်များသည် ဇွန်၃၀ရက်နောက်ဆုံးထား၍ မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ် (ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း) သို့ လူကိုယ်တိုင်ရောက်ရှိကြောင်း သတင်းပို့ရမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

လေဘေးသင့် ပြည်သူများအား တိုင်းရင်းဆေးဖြင့် ကုသမှုပေးလျက်ရှိ

ရန်ကုန် ဇွန် ၁၅

တိုင်းရင်းဆေးပညာဦးစီးဌာနနယ်လှည့်တိုင်းရင်းဆေးကုသရေး တက်နေဝင်းထွန်း ဆေးရုံသဘော်သည် ဇွန် ၁၁ ရက် နံနက်ပိုင်းတွင် ငပုတောမြို့နယ် ကျုံကူးကျေးရွာမှ ထွက်ခွာရာ ဟိုင်းကြီးကျွန်းသို့ နံနက်၆နာရီခွဲတွင် ရောက်ရှိပြီး ဟိုင်းကြီးကျွန်း၌ တိုင်းရင်းဆေးဖြင့် ရွှေ့ပြေးကုသပေးနေသည့် ကန်ကြီးဒေါင့်၊ ရေကြည်၊ ကျုံပျော်၊ သာပေါင်းမြို့နယ်တို့မှ ဆေးခန်းမှူး ၅၁ဦးတို့ လာရောက်ပူးပေါင်းကြသည်။

ဆက်လက်၍ တက်နေဝင်းထွန်း ဆေးရုံသဘော်သည် ငပုတောမြို့နယ် ချောင်းဝကျေးရွာသို့ရောက်ရှိပြီး တိုင်းရင်းဆေးဖြင့်လူနာ၃၄၂ဦး၊အနောက်တိုင်းဆေးပညာဖြင့် လူနာ ၉၁ ဦး၊ စုစုပေါင်း လူနာ၄၃၃ဦးတို့ကို ကျန်းမာရေး စောင့်ရှောက်မှု ဆေးဝါးကုသမှုပေးခဲ့သည်။

ထို့နောက် တိုင်းရင်းဆေးကုသရေး တက်နေဝင်းထွန်း ဆေးရုံသဘော်သည် လေဘေးသင့်ပြည်သူများအား ကျန်းမာရေး စောင့်ရှောက်ပေးရေးအတွက် ငပုတောမြို့နယ် အုတ်တွင်းကျေးရွာသို့ဆက်လက်ထွက်ခွာသွားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံသေနတ်ပစ်အဖွဲ့ချုပ်မှ ဇွန် ၁၆ မှ ၂၃ ရက်အထိကျင်းပမည့် (၉)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း သေနတ်ပစ်ပြိုင်ပွဲနှင့် အိုလံပစ်နေ့အထိမ်းအမှတ် ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့် အားကစားသမားများဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် အပြည်ပြည်ဆိုင်ရာ သေနတ်ပစ်ကွင်းတွင် လေ့ကျင့်နေကြစဉ်။

(သတင်းစဉ်)

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက် ဒေသအလိုက် မိုးကြီးနိုင်

နေပြည်တော် ဇွန် ၁၅

ယနေ့နံနက်၉နာရီခွဲထုတ်ပြန်ချက်အရ ကပ္ပလီပင်လယ်ပြင်နှင့် ယင်းနှင့်ဆက်စပ်နေသော ဘင်္ဂလားပင်လယ်အော်တွင် အနောက်တောင်မုတ်သုံလေသည်အားကောင်းရာမှအားအလွန်ကောင်းလျက်ရှိနေသည်။ အဆိုပါမုတ်သုံလေ အားကောင်းမှုကြောင့် မြန်မာ့ကမ်းရိုးတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် မကြာခဏ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင်၄၅မိုင်မှ မိုင်၅၀အထိ တိုက်ခတ်နိုင်သည်။

မုတ်သုံလေ အားကောင်းမှုကြောင့် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်တွင် ယနေ့နံနက်မှ နောက်၇၂နာရီအထိ နေရာအနှံ့အပြားမိုးရွာသွန်းပြီး နေရာကွက်ကျားမှ ဒေသအလိုက် မိုးကြီးနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်သည်။ (သတင်းစဉ်)

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၄)၊ အမှတ် (၂၃)ဖြန့်ချီ

ရန်ကုန် ဇွန် ၁၅

ယခုတစ်ပတ်ထုတ် ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၄)၊အမှတ်(၂၃)တွင် 'နာဂစ်ဒဏ်ခံဘဝများ လှပနိုင်ပါစေ' အထူးသတင်းဆောင်းပါးနှင့်အတူ ဧရာဝတီတိုင်းအတွင်းရှိ မုန်တိုင်းဒဏ်ကြောင့် ပျက်စီးသွားသော ဒီရေတောများ ပြန်လည်ထူထောင်ရန် ၁၅နှစ်ခန့် အချိန်ယူရမည်၊ နာဂစ်မုန်တိုင်းအကြောင်းမြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်တွင် ထည့်သွင်းဖော်ပြမည်။ မုန်တိုင်းကြောင့် သေဆုံးခဲ့သည့် နိုင်ငံ့ဝန်ထမ်းများကို အသက်အာမခံလျော်ကြေးပေးရန် စီစဉ်နေ၊ မြစ်ဝကျွန်းပေါ်မှ ရန်ကုန်သို့ ဆန်တင်ပို့မှု ပြန်လည်မြင့်တက်လာ၊ မြန်မာနိုင်ငံတွင်အကြီးဆုံးလက်ရာဖြစ်လာမည့် ကြေးဆွမ်းအုပ်ကြီး တိုင်းရင်းသားကျေးရွာတွင် ထားရှိမည်၊ အညာဆည်ရေသောက်စပါးများ ထွက်ရှိတော့မည်ဖြစ်သဖြင့် ဆန်ဈေးနှုန်းများကျဆင်းမည်၊ ရန်ကုန်စည်ပင်နယ်နိမိတ်အတွင်းမုန်တိုင်းကြောင့်ပျက်စီးခဲ့သည့် သစ်ပင်ကြီးများ၏ မြစ်ဆုံများကို လေလံတင်ရောင်းချမည်၊ ဟိုင်းကြီးကျွန်းမြို့နယ်အတွင်းရှိ စာသင်ကျောင်းများကို ကျောင်းဖွင့်ချိန်အမီ ရာနှုန်းပြည့်ပြီးစီးအောင် ပြုပြင်ပေးခဲ့ စသည့် ပြည်တွင်းရေးရာ သတင်းများနှင့်အတူ **ရက်စက်လေသည့် ပန်းသခင်၊ ထိခိုက်ဒဏ်ရာရပြီးနောက် ခံစားရသော စိတ်ဖိစီးမှုဝေဒနာ နောက်ဆက်တွဲ---** စသည့် မျက်မှောက်ရေးရာ သုံးသပ်ဆောင်းပါးများ ဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာပြီ ဖြစ်သည်။

အိုဘားမားသာ သမ္မတ ဖြစ်လာခဲ့လျှင်---၊ **'စီးပွားရေးအကြောင်း ဂျာမန်တွေ ကောင်းကောင်းသိတယ်' အမေရိကန် ဘီလီယံနာသူဌေးကြီး ဝါရင်ဘူဖက်နှင့်တွေ့ဆုံမေးမြန်း**

သတိပေးနှိုးဆော်ချက်

ရန်ကုန်မြို့တော်အတွင်း သွားလာလျက်ရှိသည့်မော်တော်ယာဉ်များတွင် ကုမ္ပဏီများမှ တင်သွင်းလာသည့်ယာဉ်များ၊ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်မှ ဝယ်ယူထားသည့်ယာဉ်များနှင့် လေလံဝယ်ယူသည့် ယာဉ်များသည် Lot နံပါတ်များ၊ အခြားနံပါတ်များ တပ်ဆင်မောင်းနှင် သွားလာလျက်ရှိကြောင်း တွေ့ရှိရပါသည်။ စက်မှုဇုန်ထုတ်ယာဉ်များမှာလည်း သတ်မှတ်ပေးထားသည့် သက်တမ်းအတွင်း၌သာ ယာယီနံပါတ်တပ်ဆင်မောင်းနှင်ခွင့်ပြုထားသော်လည်း အချို့မှာသက်တမ်းကျော်လွန်မောင်းနှင်လျက်ရှိကြောင်း တွေ့ရှိရပါသည်။ ထိုသို့သတ်မှတ်ချက်မရှိသည့် နံပါတ်များတပ်ဆင် မောင်းနှင်သွားလာကြောင်း စစ်ဆေးတွေ့ရှိပါကယာဉ်အား မှတ်ပုံတင်မဲ့ယာဉ်အဖြစ်သတ်မှတ်၍ သိမ်းဆည်းအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေး နှိုးဆော်အပ်ပါသည်။

ရန်ကုန်တိုင်း ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

ခြင်း နိုင်ငံတကာ အင်တာဗျူးဆောင်းပါးနှင့်အတူ မက်ဒရစ်သို့ပြောင်းရွှေ့ ကစားချင်သည့် ပေါ်တူဂီသူရဲကောင်း၊ စွမ်းအင်ချွေတာဖို့ ရေမြန်မြန်ချိုးကြစို့၊ ဈေးဝယ်ရာတွင် ပစ္စည်းအပေါ် မည်ကဲ့သို့ စိတ်ခံစားမှုရှိပုံကို စူးစမ်းလေ့လာ၊ ပြီးခဲ့သည့်နှစ်က ဂျပန်တွင်နေထိုင်သူ နိုင်ငံခြားသားများတွင် တရုတ်အများဆုံးဖြစ်၊ ခရီးသွားလုပ်ငန်းပြဋ္ဌာန်းရန်အတွက် အာဏာရှိအဖွဲ့ ဖွဲ့စည်းရန် အင်ဒိုနီးရှားစဉ်းစား၊ မလေးရှားသို့သွားမည့် ပြင်ပလုပ်သားများ ဗီဇာအတွက် လုပ်ငန်းဝင်သင်တန်းတက်ရောက်ရန်လို၊ အတိုက်အခံတို့အား အကွဲကွဲအပြားပြားဖြစ်စေလျက် ကမ္ဘောဒီးယားအား ရေရှည်ထိန်းချုပ် ဦးဆောင်နေမည့် ဟွန်ဆန်၊ ရာသီဥတုပြောင်းလဲမှုနဲ့ ရေနံဈေးမြင့်တက်မှုဝန်များ လျော့ကျစေရန်နှင့် သန့်ရှင်းစွမ်းအင်အတွက် အာရှအနေဖြင့် ရင်းနှီးမြှုပ်နှံသွားရန်လိုအပ် စသည့်နိုင်ငံတကာရေးရာသတင်းများ၊စီးပွားရေးသုံးသပ်ဆောင်းပါးများ၊ ကျန်းမာရေး၊ ဖျော်ဖြေရေး ကဏ္ဍများစုံလင်စွာဖြင့် e-Empire Media House က မြန်မာတစ်ပြည်လုံး ဖြန့်ချိလိုက်ပြီဖြစ်သည်။ (သတင်းစဉ်)

ကုန်အမှတ်တံဆိပ် သတိပေးတားမြစ်ချက်

ZIN 9 INDUSTRIAL CO,LTD. သည် SETRA အမှတ်တံဆိပ်ကို မှတ်ပုံတင်ပြီး ဒစ်ဂျစ်တယ်ကတ္တားများကို ၂၀၀၂ခုနှစ်မှ စတင်၍ထုတ်လုပ်ကာ မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ ဖြန့်ဖြူးရောင်းချလျက်ရှိရာ ဈေးကွက်တွင် နာမည်ကောင်းရှိပြီးဖြစ်ပါသည်။

ယခုအခါ ကုန်အမှတ်တံဆိပ်တုပထုတ်လုပ်သူအချို့က SETRA "စီထွာ" အမှတ်တံဆိပ်၏ကောင်းသော ဂုဏ်သတင်းကို အခွင့်ကောင်းယူကာ ဈေးကွက်တွင် ZIN 9 INDUSTRIAL CO.,LTD. မှရောင်းပြီးဖြစ်သော စီထွာဒစ်ဂျစ်တယ်ကတ္တားကို ပြင်ရန်ဟုယူသွားကာ SETRA တံဆိပ် Logo Pannel ကိုခွာ၍ CENTRA တံဆိပ် Logo Pannel ကိုကပ်ပြီးပြန်ပို့ခြင်း၊ အချို့ဆိုင်များတွင် Indicator ပေါ်မှ SETRA Logo ပေါ်တွင် စင်တွာစတစ်ကာများနှင့်ဖုန်းနံပါတ်များကို ပြောင်းလဲတပ်ဆင်ပေးလျက်ရှိကြောင်း သိရှိရပါသည်။

သို့ဖြစ်ပါ၍ ဤကြော်ငြာပါသည့်နေ့မှစ၍ ယင်းသို့ ZIN 9 INDUSTRIAL CO.,LTD. ၏ မူပိုင်အမှတ်တံဆိပ် SETRA "စီထွာ" အစား CENTRA "စင်တွာ"တံဆိပ် အစားထိုးပြောင်းလဲခြင်းကို ရပ်တန့်ပေးပါရန်အသိပေးအပ်ပါသည်။ အကယ်၍ လိုက်နာခြင်းမရှိပါက ZIN 9 INDUSTRIAL CO,LTD. ၏အကျိုးစီးပွားကို ထိခိုက်နစ်နာမှုအတွက် တရားဥပဒေကြောင်းအရ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဒေါ်ခင်သန်းဝင်း B.A (Law), LL.B
တရားရုံးချုပ်ရှေ့နေ (စဉ်-၇၀၈၅)
အမှတ်-၂၅၀၊ အနော်ရထာလမ်း၊
လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၂၁၀၄၅၉

Golden Cherry သောက်ရေသန့်

သောက်သုံးသူများအတွက် သတင်းကောင်း

ရန်ကုန်တိုင်းတွင် မေ ၂ရက်နှင့်၃ရက်က တိုက်ခတ်ခဲ့သော ဆိုင်ကလုန်းမုန်တိုင်းကြောင့် Golden Cherry သောက်ရေသန့် စက်ရုံမှ ထုတ်လုပ်သော ရေသန့်ကို အရည်အသွေးပြည့်မီ၍ ဘေးအန္တရာယ်ကင်းရှင်းမှု ရှိမရှိကို သက်ဆိုင်ရာမှ စစ်ဆေးပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ Golden Cherry သောက်ရေသန့်စက်ရုံမှ ထုတ်လုပ်သော သောက်ရေသန့်သည် သက်ဆိုင်ရာမှ သတ်မှတ်ချက်နှင့်ကိုက်ညီပါသဖြင့် ပြန်လည်ထုတ်လုပ်ခွင့် ရရှိပြီးဖြစ်ပါကြောင်း အများပြည်သူများအား သတင်းကောင်း ပါးအပ်ပါသည်။

Golden Cherry

လေဘေးသင့်ပြည်သူများအတွက် လှူဒါန်းကြရာတွင် -

- မည်သူမဆို လွတ်လပ်စွာ လှူဒါန်းနိုင်ပါသည်။
- မည်သူ့ထံကိုမဆို မည်သည့်ဒေသ၌မဆို လှူဒါန်းနိုင်ပါသည်။

သို့ရာတွင် စနစ်တကျမရှိသော လှူဒါန်းမှုမျိုးနှင့် နိုင်ငံနှင့်လူမျိုး၏ ဂုဏ်သိက္ခာကို ထိခိုက်စေသော အပြုအမူများကိုမူ ရှောင်ရှားကြပါရန် နှိုးဆော်အပ်ပါသည်။

✳ ပြည်တွင်း၊ ပြည်ပ ဆန့်ကျင်ဘက်များနှင့် အတ္တသမား၊ မသမာသူများသည် လေဘေးကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ မမှန်မကန် လုပ်ကြံသတင်းများ ဖန်တီးလျက် ဗီဒီယိုရိုက်ကူးပြီး ပြည်ပသတင်းဌာနများသို့ ပေးပို့ကာ ကိုယ်ကျိုးရှာလျက် ရှိကြသည်။

✳ လေဘေးသင့် ပြည်သူများအနေဖြင့် အတ္တသမား၊ မသမာသူများ၏ မသမာသော သွေးဆောင်မှုများကို အမျိုးသားရေးစိတ်ဓာတ်ဖြင့် သတိထားရှောင်ရှားကြရန် နှိုးဆော်အပ်ပါသည်။

☆ **မိုးလုံးပြည့် မုသာဝါဒီတွေ တိုင်းပြည်ပျက်အောင်လုပ်နေသည်**

☆ **BBC ညာနေသည်**

VOA လိမ်နေသည်

RFA ရန်တိုက်ပေးနေသည်

☆ **အဲဒီ ဝေသာလီပုဏ္ဏား(ကုန်းချောသွေးထိုးသူ)များ မယုံလေနဲ့ သတိထား**

ပြည်တွင်း၊ ပြည်ပမှ လှူဒါန်းသော ငွေ၊ ပစ္စည်းများနှင့်ပတ်သက်၍ အလွဲသုံးစားပြုမှုများ တွေ့ရှိပါက တိုင်ကြားနိုင်

လေဘေးသင့်ခံရသူများအတွက် ပြည်တွင်း၊ ပြည်ပမှ လှူဒါန်းသော ငွေ၊ ပစ္စည်းများကို မရိုးဖြောင့်သောသဘောဖြင့် ထိန်းသိမ်းထားခြင်း၊ ရောင်းဝယ်ခြင်း၊ လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများအတွက် အသုံးချခြင်း၊ အခြားကိစ္စရပ်များအတွက် အလွဲသုံးစားပြုခြင်းများကို တွေ့မြင်သိရှိပါက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန-

ရုံးအဖွဲ့မှူး	ဖုန်း-၀၆၇ ၄၀၄၀၂၁၊ ဖုန်း- ၀၆၇ ၄၀၄၀၂၂ နှင့်
ဒုတိယရုံးအဖွဲ့မှူး	ဖုန်း-၀၉၈၆ ၀၁၀၀၂ တို့သို့ တိုင်ကြားနိုင်ပါသည်။